# တဖွဲ့ချင်းနှင့်အပစ်ရပ်ရေးဆန်းစစ်ချက်

# အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲနေသော မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

၂၀၂၆ ခုနှစ် ဇူလိုင်လ



PROMOTING LEADERSHIP AND
STRENGTHENING CIVIC PARTICIPATION

## Institute for Strategy and Policy – Myanmar

Established in 2016.

---

ISP-Myanmar က **‘တဖွဲ့ချင်းနှင့်အပစ်ရပ်ရေးဆန်းစစ်ချက်၊ အစိတ်စိတ်အမြွာမြွာ ပြိုကွဲနေသော မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်’**စာတမ်းကို ၂၀၂၆ ခုနှစ် ဇွန် ၃ ရက်တွင် အင်္ဂလိပ်ဘာသာနှင့် ကနဦး ထုတ်ဝေခဲ့သည်။ ယင်းနောက် မြန်မာဘာသာပြန်ဆိုချက်ကို ၂၀၂၆ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ထုတ်ဝေပါသည်။ စာတမ်းပါ သုတေသနဆန်းစစ်ချက်များမှာ ISP-Myanmar ၏ ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးလေ့လာမှုများထဲမှ တစိတ်တပိုင်းဖြစ်ပါသည်။ ISP-Myanmar က အထူးပြုလေ့လာနေသော သုတေသနနယ်ပယ်များနှင့် ဆက်စပ်မှုများအား အခြေပြု၍ (၁) Tracker (၂) Situation Brief (၃) Policy Brief (၄) ISP OnPoint (၆) The State of Myanmar (၇) ‘ISP နှင့်အတူ မိနစ် ၃၀’ ဆွေးနွေးမှုအစီအစဉ် စသည်တို့ကိုလည်း စဉ်ဆက်မပြတ်ထုတ်ဝေဖြန့်ချိနေပါသည်။ အဆိုပါထုတ်ဝေမှုများအား ISP-Myanmar ဝက်ဘ်ဆိုက်တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

# တဖွဲ့ချင်းနှင့်အပစ်ရပ်ရေးဆန်းစစ်ချက်

# **အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲနေသော မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**

၂၀၂၆ ခုနှစ် ဇူလိုင်လ

# မာတိကာ


အတိုကောက်ဝေါဟာရများ

အနှစ်ချုပ်

၁။ နိဒါန်း

၁.၁ နောက်ခံအကြောင်းအရာ

**၂။ ဆန်းစစ်ချက်နှင့် ဖြစ်တန်ခြေများ**

၂.၁ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်မှုများ - အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးမှုများမှသည် တဖွဲ့ချင်းခွဲခြားထိန်းချုပ်စီမံမှုဆီသို့

၂.၂ သွေးခွဲအုပ်ချုပ်မှု မဟာဗျူဟာ

၂.၃ အကျပ်ကိုင် သံခင်းတမန်ခင်းနှင့် ဒေသတွင်းသြဇာလွှမ်းမိုးရေး ကြားဝင်ဖျန်ဖြေမှု

၂.၄ Rebel Governance နှင့် နိုင်ငံရေးဆိုင်ရာအမူအကျင့်များအပေါ် သက်ရောက်မှုများ

၂.၅ တကွဲတပြားဖြစ်မှုဆီသို့ ဦးတည်ခြင်း

၃။ နိဂုံး

ကိုးကားချက်များ

# အတိုကောက်ဝေါဟာရများ

| | | |
|---|---|---|
| AA | – | အာရက္ခတပ်တော် |
| ABSDF | – | မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး |
| AFPFL | – | ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် |
| ALP | – | ရခိုင်ပြည် လွတ်မြောက်ရေး တပ်မတော် |
| APLP | – | ရခိုင်ပြည်သူ့လွတ်မြောက်ရေးပါတီ |
| ASEAN | – | အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) |
| BRI | – | ရပ်ဝန်းလမ်းကြောင်းအစီအမံ |
| CNF | – | ချင်းအမျိုးသားတပ်ဦး |
| CPA | – | ရခိုင်ပြည်ကွန်မြူနစ်ပါတီ |
| CPB | – | ဗမာပြည်ကွန်မြူနစ်ပါတီ |
| DKBA | – | ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် |
| DKBA-5 | – | ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (တပ်မဟာ ၅) |
| EAOs | – | တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ |
| ISP-Myanmar | – | မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျူ |
| KDA | – | ကချင်ကာကွယ်ရေးတပ်ဖွဲ့ |
| KHRG | – | ကရင်လူ့အခွင့်အရေးအဖွဲ့ |
| KIO | – | ကချင်လွတ်လပ်ရေးအဖွဲ့ |
| KNDP | – | ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ |
| KNG | – | ကချင်အမျိုးသား တိုးတက်ရေးနှင့် လုံခြုံရေးတပ်မတော် |
| KNLA | – | ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် |
| KNLP | – | ကယန်းပြည်သစ်ပါတီ |
| KNPLF | – | ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး |
| KNPP | – | ကရင်နီအမျိုးသားတိုးတက်ရေးပါတီ |
| KNU | – | ကရင်အမျိုးသားအစည်းအရုံး |
| KPC | – | ကရင်အမျိုးသားအစည်းအရုံး/<br>ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) |
| KRC | – | ကော်သူးလေတော်လှုန်ရေးကောင်စီ |
| LDU | – | လားဟူဒီမိုကရက်တစ်အစည်းအရုံး |

| | | |
|---|---|---|
| MNDAA | – | မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် |
| MPC | – | မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန |
| MPF | – | မွန်ပြည်သူ့တပ်ဦး |
| MPGCR | – | မြန်မာ့ငြိမ်းချမ်းရေးမျိုးဆက် ပဋိပက္ခဖြေရှင်းရေး |
| MTA | – | ဦးခွန်ဆာခေါင်းဆောင်သော ရှမ်းပြည်တပ်မတော် (Mong Tai Army) |
| NCA | – | တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် |
| NCCT | – | တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ |
| NDA (Kachin) | – | ကချင်ဒီမိုကရေစီသစ်တပ်မတော် |
| NDAA | – | အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် |
| NLD | – | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NMSP | – | မွန်ပြည်သစ်ပါတီ |
| NRPC | – | အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန |
| NSCN-K | – | နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ - ကက်ပလန် |
| NUG | – | အမျိုးသားညီညွတ်ရေးအစိုးရ |
| PDF | – | ပြည်သူ့ကာကွယ်ရေးတပ်မတော် |
| PLA | – | ပြည်သူ့လွတ်မြောက်ရေးတပ်မတော် |
| PSLA | – | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် |
| PNLO | – | ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် |
| PNO | - | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် |
| PPST | – | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ |
| PSLF | – | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး |
| RCSS | – | သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ |
| SAC | – | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| SLORC | – | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| SNUA | – | ညီညွတ်သောသျှမ်းအမျိုးသားတပ်မတော် |
| SSA | – | ရှမ်းပြည်တပ်မတော် |
| SSIA | – | သျှမ်းပြည်လွတ်လပ်ရေးတပ်မတော် |
| SSNA | – | ရှမ်းပြည်တပ်မတော် - မြောက်ပိုင်း |
| SSNPLO | – | ရှမ်းပြည်နယ်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ |
| SSPC | – | နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် |
| TNLA | – | တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| UPC | – | ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ |
| UPC21CP | – | ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံ |
| UWSA | – | ‘ဝ’ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် |

# အနှစ်ချုပ်

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုကနေ ၂၀၂၄ ခုနှစ် မတ်လအထိ မြန်မာနိုင်ငံအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အခင်းအကျင်းမှာ ဖြစ်လာတဲ့ အပြောင်းအလဲတွေကို ဆန်းစစ်လေ့လာထားပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ဟာ သူတို့ ရည်ရွယ်ရွေးချယ်ထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ (EAOs)နဲ့ တဖွဲ့ချင်းအပစ်ရပ်ရေး ဗျူဟာကို ချမှတ်ကျင့်သုံးခဲ့ပြီး တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) မူဘောင်ကနေ စနစ်တကျသွေဖည်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီအစီအမံတွေမှာ နိုင်ငံရေးဆိုင်ရာအနှစ်သာရ ကင်းမဲ့နေသလို အင်အားစု အစုံအလင် မပါနိုင်တဲ့အတွက် ငြိမ်းချမ်းရေးဆီ ဦးတည်တဲ့၊ ဒါမှမဟုတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဆီ ဦးတည်တဲ့ အသွင်ကူးပြောင်းမှုအဖြစ် မှတ်ယူလို့ မရနိုင်ပါဘူး။ ပဋိပက္ခစီမံခန့်ခွဲရေး၊ အတိုက်အခံအုပ်စုတွေ အကွဲကွဲအပြားပြား ဖြစ်နေစေရေးနဲ့ စစ်အုပ်ချုပ်မှုခိုင်မာစေရေး စတာတွေအတွက် တဖွဲ့ချင်းနဲ့အပစ်ရပ်ရေးကို မြန်မာစစ်တပ်က လက်နက်သဖွယ်အသုံးချနေတယ်လို့ ဆိုရပါမယ်။

ဒီဆန်းစစ်ချက်မှာ Horowitz ရဲ့ သွေးခွဲအုပ်ချုပ်ခြင်းသီအိုရီ (Theory of Divide and Rule)၊ Darby နဲ့ Mac Ginty တို့ရဲ့ အင်အားစုအားလုံး ပါဝင်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မိုဒယ် (Model of Inclusive Peace Process)၊ Zartman ရဲ့ ပဋိပက္ခရင့်မှည့်ခြင်း သီအိုရီ (Ripeness Theory) နဲ့ Mampilly ရဲ့ Rebel Governance စတဲ့ သီအိုရီမူဘောင်တွေကို အခြေခံပြီး အခန်းလေးခန်းနဲ့ ဆန်းစစ်ထားပါတယ်။ အခန်း(၂.၁)မှာ တဖွဲ့ချင်းသဘောတူညီချက်တွေ (bilateralism) က NCA ရဲ့ နိုင်ငံရေးနဲ့ အင်စတီကျူးရှင်းဆိုင်ရာ အခြေခံအုတ်မြစ်တွေကို ဘယ်လို အစားထိုးနေရာယူလာကြောင်းနဲ့ နိုင်ငံရေးအနှစ်သာရကင်းမဲ့တဲ့ အပစ်အခတ်ရပ်စဲရေးပုံစံဆီကို ဦးတည်သွားနေကြောင်းကို လေ့လာထားပါတယ်။ အခန်း(၂.၂)မှာ SAC က ရည်ရွယ်ချက်ရှိရှိ ရွေးချယ်ထားတဲ့ လက်နက်ကိုင်အဖွဲ့အချို့ကို တစုံတရာ အခွင့်အရေးပေးထားပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နဲ့ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) တွေဘက်က ရပ်တည်သူတွေကို ဘေးဖယ်ထုတ်တဲ့ သွေးခွဲအုပ်ချုပ်ရေးနည်းဗျူဟာတွေကို အသုံးချတဲ့အခါ တော်လှန်ရေးအင်အားစုတွေကို အားနည်းသွားစေတဲ့ အကြောင်းတွေကို ဖော်ပြထားပါတယ်။ အခန်း(၂.၃)မှာ အိမ်နီးချင်းနိုင်ငံတွေ (အထူးသဖြင့် တရုတ်နိုင်ငံ)ရဲ့ အခန်းကဏ္ဍကို စူးစမ်းလေ့လာခဲ့ပြီး နယ်စပ်တည်ငြိမ်ရေးနဲ့ ဗျူဟာမြောက်အကျိုးစီးပွားကို

- ဦးစားပေးတဲ့ အပစ်အခတ်ရပ်စဲရေး ဖော်ဆောင်နေမှုကို လေ့လာထားပါတယ်။။ အခန်း (၂.၄)မှာ အဲဒီလို အပစ်အခတ်ရပ်စဲရေးတွေက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAO) တွေကို တနိုင်ငံလုံးအတိုင်းအတာနဲ့ အသွင်ကူးပြောင်းရေးဖြစ်စဉ်ထဲကနေ ခွဲထုတ်ပြီး SAC ရဲ့ထိန်းချုပ်မှုအောက်မှာရှိတဲ့ ဒေသန္တရအုပ်ချုပ်ရေးအခန်းကဏ္ဍမှာပဲ အကန့်အသတ်နဲ့ထားတာဟာ EAO တွေရဲ့ အုပ်ချုပ်ရေးဆိုင်ရာအမူအကျင့်တွေကို ဘယ်လိုပြောင်းလဲလာစေတယ်ဆိုတာကို လေ့လာထားပါတယ်။

အာဏာသိမ်းမှုအလွန် အပစ်အခတ်ရပ်စဲရေးတွေဟာ ပဋိပက္ခထိန်းချုပ်ရေး၊ အတိုက်အခံအင်အားစုတွေကို သိမ်းသွင်းရေးနဲ့ နိုင်ငံရေးအသွင်ကူးပြောင်းမှုကို အချိန်ဆွဲ ကြန့်ကြာစေဖို့အတွက် အသုံးချခံနေရပုံကို ဆန်းစစ်ချက်ရဲ့ အခန်းတိုင်းမှာ တင်ပြထားပါတယ်။ ဒီအခြင်းအရာတွေဟာ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ခြင်းမရှိတဲ့အပြင် တော်လှန်ရေးအင်အားစုတွေအကြား ညီညွတ်ရေးပျက်ပြားတာ၊ နိုင်ငံရေးအရ စွမ်းဆောင်နိုင်ရည် လျော့ကျတာနဲ့ အာဏာရှင်စနစ်အမြစ်တွယ်တာ စတာတွေကို ဖြစ်စေပါတယ်။ SAC ရဲ့ အပစ်ရပ်စဲရေးဗျူဟာက လိုအပ်ချက်များစွာ ရှိနေပါတယ်။ အားလုံးပါဝင်နိုင်မှုကို ရှေးရှုတဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုကနေ နိုင်ငံအတွင်းဖြစ်ပွားနေတဲ့ ရေရှည်ပဋိပက္ခရဲ့ အခြေခံအကြောင်းရင်းတွေကို ဖြေရှင်းနိုင်ဖို့ ကြိုးပမ်းမယ့်အစား တော်လှန်ရေးအင်အားစုတွေကို ထိန်းချုပ်စီမံနိုင်ဖို့သာ ရည်မှန်းထားတဲ့ အာဏာရှင်စနစ် ပဋိပက္ခစီမံခန့်ခွဲမှု (authoritarian conflict management) အဖြစ် ပြောင်းလဲဖော်ဆောင်လာတယ်လို့ ဆိုရပါမယ်။

အာဏာသိမ်းမှုအလွန် အပစ်အခတ်ရပ်စဲရေးတွေဟာ ငြိမ်းချမ်းရေးဖော်ဆောင်မှုကိုသော်လည်းကောင်း၊ ဖက်ဒရယ်ဒီမိုကရေစီကိုသော်လည်းကောင်း အားမပေးပါဘူး။ အပစ်ရပ်အခင်းအကျင်းကို အခြေခံကျတဲ့ ပြောင်းလဲမှုတွေမလုပ်ဘဲ ပဋိပက္ခကိုထိန်းချုပ်ဖို့နဲ့ စစ်အုပ်ချုပ်ရေး အခွန့်ရှည်စေဖို့အတွက် စီမံထားတဲ့ ဗျူဟာမြောက်ကိရိယာအဖြစ်ပဲ ရှိပါတယ်။ အပစ်အခတ်ရပ်စဲရေးဆိုင်ရာမူဘောင်တွေကို အခြေခံကျကျ ပြန်မပြင်နိုင်ရင် မြန်မာနိုင်ငံဟာ စစ်တပ်ဦးဆောင်တဲ့ အာဏာရှင်စနစ်အဆိုးကျော့သံသရာထဲကို နက်နက်ရှိုင်းရှိုင်း ရောက်သွားနိုင်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီစနစ်ကို ဦးတည်မယ့် အခွင့်အလမ်းကို ထပ်မံလက်လွှတ်ရမယ့်ဘေးနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ ■

# ၁။ နိဒါန်း

မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကတည်းက အဖွဲ့ပေါင်းစုံပါဝင်တဲ့ ပြည်တွင်းစစ်မီး ပဋိပက္ခဒဏ်ကို ပြင်းထန်မှုရေချိန်အမျိုးမျိုးနဲ့ ခံစားနေခဲ့ရပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းမှုနောက်ပိုင်းမှာ မြန်မာနိုင်ငံရဲ့ ပဋိပက္ခနဲ့ ဆွေးနွေးညှိနှိုင်းမှု အခင်းအကျင်းက သိသိသာသာ ပြောင်းလဲသွားခဲ့ပါတယ်။ ရွေးကောက်ခံအရပ်သားအစိုးရဆီက အာဏာသိမ်းယူခဲ့တဲ့ စစ်ကောင်စီ (SAC)[၁]ဟာ ၂၀၁၅ ခုနှစ် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) အပေါ် အခြေခံပြီး လက်နက်ကိုင်အင်အားစုပေါင်းစုံပါဝင်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကနေ သွေဖည်သွားခဲ့ပါတယ်။ အဲဒီအစား ရည်ရွယ်ချက်ရှိရှိ ရွေးချယ်ထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ(EAOs)နဲ့သာ တဖွဲ့ချင်းအပစ်ရပ်ပြီး (bilateral ceasefires) တော်လှန်ရေးအင်အားစုတွေအကြား အစိတ်စိတ်အမြွှာမြွှာပြိုကွဲစေတဲ့ ချဉ်းကပ်မှုမျိုးကို ကျင့်သုံးလာခဲ့ပါတယ်။ အဲဒီသဘောတူညီချက်တွေက အလွတ်သဘောဆန်ပြီး ပွင့်လင်းမြင်သာမှုမရှိပါဘူး။ ဒါ့အပြင် ဘယ်နိုင်ငံရေးလမ်းပြမြေပုံနဲ့မှလည်း ချိတ်ဆက်ထားတာမျိုး မဟုတ်ပါဘူး။ အဲဒီလို တဖွဲ့ချင်းနဲ့အပစ်ရပ်ရေးတွေဟာ အားလုံးပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးမှုတွေ စတင်ဖို့ထက် ခြိမ်းခြောက်ခံနေရတာကို လျှော့ချနိုင်ရေး၊ အတိုက်အခံအင်အားစုတွေကို သွေးခွဲရေးနဲ့ စစ်အုပ်စုရဲ့အုပ်ချုပ်မှု ခိုင်မာစေရေးအတွက်ပဲ ရည်ရွယ်ပုံရပါတယ်။

ဒီအပြောင်းအလဲဟာ မြန်မာနိုင်ငံအတွင်းက ကျယ်ပြန့်တဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှုအပေါ်၊ အထူးသဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) တွေနဲ့ ဒီအဖွဲ့တွေနဲ့ ပူးပေါင်းထားတဲ့ နိုင်ငံရေးအဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်းတွေအပေါ် ▸

---

၁ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) သည် ခြောက်လအတွင်း အထွေထွေရွေးကောက်ပွဲတရပ် ကျင်းပရန် ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၃၁ ရက်တွင် ကြားဖြတ်အစိုးရတရပ်နှင့်အတူ နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကော်မရှင် (SSPC) အဖြစ် အသွင်ပြောင်းဖွဲ့စည်းခဲ့သည်။

ကြီးမားတဲ့ သက်ရောက်မှုတွေ ဖြစ်စေပါတယ်။ ဒီလို အဓိကပါဝင်ပတ်သက်သူတွေကို ဘေးဖယ်ထုတ်လိုက်တဲ့ SAC ရဲ့ဗျူဟာက တော်လှန်ရေးတပ်ပေါင်းစုကြိုးပမ်းမှုတွေကို အားနည်းစေပြီး ရေတို စစ်ရေးအသာစီးရမှုအပေါ် အခြေခံတဲ့ ပဋိပက္ခစီမံခန့်ခွဲမှုပုံစံကိုပဲ ပိုခိုင်မာစေပါတယ်။ တရုတ်နိုင်ငံအပါအဝင် ဒေသတွင်းနဲ့ နိုင်ငံတကာအင်အားကြီးနိုင်ငံတွေဟာ နယ်စပ်လုံခြုံရေးနဲ့ စီးပွားရေးအကျိုးအမြတ်တွေအတွက် အပစ်ရပ်ရေးဖြစ်ဖို့ ကြားဝင်ဖျန်ဖြေပေးတာ၊ ဒါမှမဟုတ် အားပေးတာမျိုး လုပ်ဆောင်နေတာကို တွေ့ရပါတယ်။ ရလဒ်အနေနဲ့ အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံရဲ့အပစ်အခတ်ရပ်စဲရေးဟာ ပြည်တွင်းစစ်အခင်းအကျင်း၊ ပြည်ပနိုင်ငံတွေရဲ့ အကျပ်ကိုင်သံခင်းတမန်ခင်းနဲ့ ထီးပြိုင်နန်းပြိုင် လက်နက်ကိုင်အုပ်ချုပ်ရေးတွေနဲ့ သပွတ်အူလိုက်ရောယှက်နေတဲ့ဆီ ဆိုက်ရောက်ခဲ့ပါတယ်။ ဒီဆန်းစစ်ချက်မှာ ပြောင်းလဲလာတဲ့ အပစ်အခတ်ရပ်စဲရေး ချဉ်းကပ်မှုတွေအပြင် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးနဲ့ ပဋိပက္ခအခင်းအကျင်းအပေါ် သက်ရောက်တဲ့ အကျိုးဆက်တွေကို လေ့လာထားပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်မှုတွေ၊ သွေးခွဲအုပ်ချုပ်ရေးဗျူဟာရဲ့ ဆင့်ကဲဖြစ်စဉ်တွေ၊ ဒေသတွင်းနိုင်ငံတွေရဲ့ ကြားဝင်စွက်ဖက်မှု၊ SAC နဲ့ တဖွဲ့ချင်း သဘောတူညီချက်ယူထားတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အုပ်ချုပ်ရေးဆိုင်ရာပြောင်းလဲမှုတွေကို အပိုင်းလိုက်ဖတ်ရှုရပါမယ်။

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုအလွန် ညှိနှိုင်းရေးအခင်းအကျင်းကို အကဲဖြတ်ဖို့အတွက် ဒီလေ့လာမှုမှာပါတဲ့ ဆန်းစစ်ချက်တွေဟာ အရည်အသွေးအခြေပြုနည်းနာနဲ့ ဒေတာအချက်အလက်ကိုအခြေခံတဲ့ နယ်ပယ်စုံသီအိုရီချဉ်းကပ်မှု စတာတွေကို အသုံးပြုထားပါတယ်။ ပဋိပက္ခဖြစ်စဉ်ကို နားလည်နိုင်ဖို့အတွက် နိုင်ငံရေးသိပ္ပံနဲ့ ပဋိပက္ခဆိုင်ရာလေ့လာမှု အယူအဆတွေဖြစ်တဲ့ သွေးခွဲအုပ်ချုပ်ခြင်းသီအိုရီ၊ အင်အားစုအားလုံးပါဝင်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အကျပ်ကိုင်သံခင်းတမန်ခင်း၊ ဒေသတွင်းသြဇာလွှမ်းမိုးရေး ကြားဝင်ဖျန်ဖြေမှုနဲ့ Rebel Governance[၂] စတဲ့ သီအိုရီတွေနဲ့ ယှဉ်ထိုးလေ့လာထားပါတယ်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုကနေ ၂၀၂၆ ခုနှစ် အစောပိုင်းအထိ SAC နဲ့ EAO ကြား နှစ်ဖွဲ့တွေ့ဆုံမှုတွေကို ISP-Myanmar က လေ့လာထားတဲ့ အချက်အလက်တွေကို အသုံးပြုထားပါတယ်။ ဒါ့အပြင် ပဋိပက္ခဖြစ်စဉ်တွေရဲ့ မှတ်တမ်းမှတ်ရာနဲ့ သုံးသပ်ချက်တွေ၊ တော်လှန်ရေးတပ်ဖွဲ့တွေရဲ့ ထိန်းချုပ်နယ်မြေတွေအပေါ် စောင့်ကြည့်လေ့လာမှုတွေနဲ့ ၂၀၂၆ ခုနှစ် မေလအထိရှိတဲ့ နယ်မြေစိုးမိုးမှု ပထဝီဝင်မြေပုံတွေကိုပါ အသုံးချဆန်းစစ်ထားပါတယ်။

---

၂ Rebel Governance ဆိုသည်မှာ ပြည်တွင်းစစ်နှင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်နေချိန်တွင် လက်နက်ကိုင်အဖွဲ့အစည်းများ (သို့မဟုတ်) အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များက နယ်မြေတခုကို ထိန်းချုပ်ပြီး ထိုနယ်မြေအတွင်း အစိုးရတရပ်ကဲ့သို့ တာဝန်ယူအုပ်ချုပ်ခြင်းဖြစ်ပါသည်။ Rebel Governance ကို 'သူပုန်အစိုးရအုပ်ချုပ်ရေး'ဟု မြန်မာဘာသာဖြင့် လုံးကောက် ပြန်ဆိုသော်လည်း ယခုဖော်ပြချက်များတွင် အင်္ဂလိပ်ဘာသာဖြင့်သာ ဖော်ပြသွားပါမည်။ (အယ်ဒီတာ)

ဒီဆန်းစစ်ချက်ကို တတ်နိုင်သမျှ ပြည့်စုံအောင်လုပ်ဆောင်ထားပေမဲ့ အကဲဆတ်ပြီး နားလည်ရခက်ခဲတဲ့ ပဋိပက္ခအခြေအနေတွေရှိတာကြောင့် အကန့်အသတ်ရှိနိုင်တာကို သတိပြုရပါမယ်။ **ဒီဆန်းစစ်ချက်ဟာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ စစ်အာဏာသိမ်းမှုကနေ ၂၀၂၄ ခုနှစ် မတ်လအကြား SAC နဲ့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် (SSPC) တို့ရဲ့ အုပ်ချုပ်ရေးယန္တရားတွေကိုပဲ လေ့လာထားပါတယ်။ SAC ကနေ (စစ်တပ်ကပြုလုပ်ခဲ့သော ရွေးကောက်ပွဲမှတဆင့် ပေါ်ပေါက်လာသည့်) ဦးမင်းအောင်လှိုင်အစိုးရ ဖြစ်လာပြီး နောက်ပိုင်းတွေ့ရတဲ့ အပစ်အခတ်ရပ်စဲရေး ဖြစ်ပေါ်ပြောင်းလဲမှုတွေနဲ့ မူဝါဒဆိုင်ရာအပြောင်းအလဲတွေကို ထည့်သွင်းဆန်းစစ်ထားတာ မရှိပါဘူး။** ဒါ့အပြင် SAC က တံခါးပိတ် အလွတ်သဘောတွေ့ဆုံပြီး နှုတ်ကတိပေးတာမျိုးဖြစ်တဲ့ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်တွေကိုလည်း အတိအကျအတည်ပြုဖို့ ခက်ခဲပါတယ်။ နောက်ဆုံးတခုကတော့ အပြောင်းအလဲမြန်လွန်းလှတဲ့ မြေပြင်အခြေအနေပါ။ ပဋိပက္ခရဲ့ ပြောင်းလဲနေတဲ့ဗျူဟာတွေ၊ ရုတ်ခြည်းမဟာမိတ်ပြိုကွဲမှုတွေနဲ့ မပြီးဆုံးနိုင်တဲ့နယ်မြေအငြင်းပွားမှုတွေဟာ ဒေတာအချက်အလက်ရရှိရေးအတွက် အကန့်အသတ် ဖြစ်စေပါတယ်။ ဆိုလိုချင်တာကတော့ ဒေသတွင်းအနေအထားတွေဟာ ဒီဆန်းစစ်ချက်မှာ ထည့်သွင်းထားတဲ့ ဒေတာအချက်အလက်တွေထက် ကျော်လွန်ပြောင်းလဲနေတာလည်း ဖြစ်နိုင်ပါတယ်။

## ၁.၁။ နောက်ခံအကြောင်းအရာ

မြန်မာနိုင်ငံရဲ့ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုသမိုင်းကြောင်းဟာ ၁၉၉၀ ပြည့်လွန်နှစ်တွေ အစောပိုင်းက ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)ကနေ ခွဲထွက်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ စစ်အစိုးရအကြား သီးခြားစီပြုလုပ်ခဲ့တဲ့ တဖွဲ့ချင်းနဲ့အပစ်ရပ်ရေးသဘောတူညီချက်တွေကနေ စတင်ခဲ့တာဖြစ်ပါတယ်။ အဲဒီအပစ်အခတ်ရပ်စဲရေးတွေက ဆယ်စုနှစ်များစွာ တည်တံ့ခဲ့ပါတယ်။ ဒီသဘောတူညီချက်တွေက နိုင်ငံရေးအရ အဖြေရှာတာထက် စစ်ရေးတင်းမာမှုလျှော့ချဖို့နဲ့ တရားဝင်မဟုတ်တဲ့ အလွတ်သဘော လုပ်ငန်းစဉ်အစီအစဉ်တွေကိုပဲ ဦးစားပေးခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်အလယ်မှာတော့ စစ်အစိုးရဟာ လက်နက်ကိုင်အဖွဲ့ပေါင်း ၂၀ ကျော်နဲ့ တဖွဲ့ချင်း အပစ်ရပ်ရေးသဘောတူညီချက်တွေ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီသဘောတူညီချက်တွေမှာ နိုင်ငံရေးဆွေးနွေးမှု ဒါမှမဟုတ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် ချမှတ်ဆောင်ရွက်မှုတွေ မပါဝင်ခဲ့ပါဘူး။ သမ္မတဦးသိန်းစိန်အစိုးရ (၂၀၁၁-၂၀၁၅) လက်ထက်မှာ အစိုးရရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ပိုစနစ်ကျလာပြီး အဲဒီနောက်ပိုင်း အပစ်အခတ်ရပ်စဲရေးကနေ ဖက်ဒရယ်စနစ်၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး စတာတွေကို ချိတ်ဆက်ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။ နောက်ဆုံးမှာ NCA လက်မှတ်ရေးထိုးနိုင်

တဲ့အထိ အောင်မြင်ခဲ့ပါတယ်။ ဒီငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်ဟာ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်ခဲ့ရပေမဲ့ NLD အစိုးရလက်ထက်အထိ ဆက်လက်တည်ရှိခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုကြောင့် ဒီလိုနုနယ်တဲ့ အင်စတီကျူးရှင်းဆိုင်ရာမှုဘောင်ဟာ ပျက်စီးသွားခဲ့ရပါတယ်။

အာဏာသိမ်းမှုအလွန်မှာတော့ SAC ဟာ အင်အားစုပေါင်းစုံပါဝင်မှုကို ဆန့်ကျင်ပြီး အရင်က ကျင့်သုံးခဲ့တဲ့ တပ်ဖွဲ့ချင်း သီးခြားစီဆွေးနွေးညှိနှိုင်းတဲ့ မိုဒယ်ကို ပြန်လည်ကူးပြောင်းသွားခဲ့ပါတယ်။ RCSS၊ NMSP နဲ့ DKBA လိုမျိုး အချို့အဖွဲ့တွေနဲ့ တံခါးပိတ်ဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့ပါတယ်။ မြောက်ပိုင်းက အင်အားကြီးတော်လှန်ရေးအဖွဲ့တွေဖြစ်တဲ့ MNDAA၊ TNLA၊ AA တို့နဲ့ကတော့ နယ်စပ်တည်ငြိမ်ရေးအတွက် တရုတ်နိုင်ငံက ကြားဝင်စေ့စပ်ပေးတဲ့ အပစ်အခတ်ရပ်စဲရေးကိုပဲ ဆောင်ရွက်ခဲ့ပါတယ်။ အကျိုးဆက်အဖြစ် နိုင်ငံအဆင့် ဆွေးနွေးမှုနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လျစ်လျူရှုပြီး စေ့စပ်ညှိနှိုင်းရေးအခြေပြု နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကနေ လက်နက်ကိုင်တပ်ဖွဲ့ချင်းစီနဲ့ ကန့်သတ်ညှိနှိုင်းတဲ့ ဒေသန္တရပဋိပက္ခ စီမံခန့်ခွဲမှုဆီ ကူးပြောင်းသွားပါတယ်။

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုစက်ဝန်းများ (၁၉၅၈-၂၀၂၁)

၁၉၅၈ ခုနှစ် ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ) အစိုးရလက်ထက်မှ ၂၀၁၆ ခုနှစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရလက်ထက်အထိ ငြိမ်းချမ်းရေးကြိုးပမ်းမှုများအား စက်ဝန်းခုနစ်ခုဖြင့် ပိုင်းခြားလေ့လာနိုင်ပါသည်။ ယခုဖော်ပြချက်တွင် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း အချက်အလက်များ ပါဝင်ခြင်းမရှိသေးပါ။

| စက်ဝန်း | အစိုးရ အဆက်ဆက် | ငြိမ်းချမ်းရေး ဆွေးနွေးမှုတွင် ပါဝင်သည့် လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ | စေ့စပ်ညှိနှိုင်းချက် | အစိုးရနှင့် သဘောတူညီမှု ရယူသည့် လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ | ဆွေးနွေး ညှိနှိုင်းမှုပုံစံ |
|---|---|---|---|---|---|
| စက်ဝန်း(၁) | **ဖဆပလ အစိုးရ (၁၉၅၈)** | KNU,PNO, APLP, MPF | "လက်နက်နှင့် ဒီမိုကရေစီလဲလှယ်ရေး"ဟူသော စကားရပ်အရ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များကို နိုင်ငံရေးပါတီ ထောင်ခွင့်ပေးကာ လက်နက်ချစေပြီး ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေခြင်း ဖြစ်သည်။ | PNO, APLP, MPF | တဖွဲ့ချင်း |
| စက်ဝန်း(၂) | **အိမ်စောင့်အစိုးရ (၁၉၆၀)** | KNU | လက်နက်ချကာ အစိုးရ၏ ရဲတပ်ဖွဲ့ထဲ ဝင်ရောက်ရမည်။ | PNO, APLP, MPF | တဖွဲ့ချင်း |
| စက်ဝန်း(၃) | **တော်လှန်ရေး ကောင်စီအစိုးရ (၁၉၆၃)** | CPB, CPA, KIO,  KRC, KNPP, NMSP, SSIA, SNUA | အကြိုသတ်မှတ်ချက် မရှိပါ။ | KRC | တဖွဲ့ချင်း |
| စက်ဝန်း(၄) | **မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ (၁၉၈၀-၈၁)** | KIO, CPB (အလွတ်တမ်း) | လက်နက်ကို ယာယီအနေဖြင့် ဆက်လက် ကိုင်ထား၍ရသော်လည်း လိုအပ်လျှင် ပြည်သူ့စစ် (သို့မဟုတ်) ရဲတပ်ဖွဲ့သို့ ဝင်ရောက်ရမည်။ | KIO (အပစ်အခတ်ရပ်စဲရေး) | တဖွဲ့ချင်း |
| စက်ဝန်း(၅) | **နဝတ/နအဖ (၁၉၈၉-၂၀၁၁)** | CPA, NDA(Kachin), KIO, PSLA, MNDAA, KDA, UWSA, NDAA, SSA, SSNA, PNO, SSNPLO, MTA, KNG, KNDP, KNLP, KNPLF, DKBA, NMSP, MPGCR | ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲပြီးသည်အထိ လက်နက် ဆက်လက် ကိုင်စွဲထားကာ မိမိတို့၏နယ်မြေကို ဆက်လက် ထိန်းသိမ်းထားနိုင်မည်။ | CPA, NDA (Kachin), KIO, PSLA, MNDAA, KDA, UWSA, SSA, SSNA, PNO, SSNPLO, MTA, KNG, KNDP, KNPLF, DKBA, NMSP, MPGRC | တဖွဲ့ချင်း |
| စက်ဝန်း(၆) | **ပြည်ခိုင်ဖြိုး (၂၀၁၁-၂၀၁၆)** | ABSDF, DKBA, NDAA, RCSS, UWSA, ALP, KPC, PNLO, NSCN-K, CNF, KNPP, KNU, NMSP, SSPP, KIO, DKBA-5, LDU, AA, MNDAA, TNLA | တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်/ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ (NCA/UPC) | KNU, RCSS, CNF, PNLO, DKBA, KPC, ALP, ABSDF | တဖွဲ့ချင်း/အဖွဲ့စုံ |
| စက်ဝန်း(၇) | **NLD (၂၀၁၆-၂၀၂၁)** | ABSDF, DKBA, NDAA, RCSS, UWSA, ALP, KPC, PNLO, NSCN-K, CNF, KNPP, KNU, NMSP, SSPP, KIO, DKBA-5, LDU, AA, MNDAA, TNLA | တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်/ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ (၂၁)ရာစုပင်လုံ (NCA/UPC21CP) | NMSP, LDU | တဖွဲ့ချင်း/အဖွဲ့စုံ |

**ရင်းမြစ်** ။ ISP-Myanmar (ဒီဇင်ဘာ ၂၀၁၈)။ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ တပ်မတော်၏ ပြောင်းလဲလာသည့် ဦးစားပေးမှုများနှင့်ဗျူဟာများ (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီအထိ)။

## ၂။ ဆန်းစစ်ချက်နှင့် ဖြစ်တန်ခြေများ

ဒီဆန်းစစ်ချက်မှာ အကြောင်းအရာအလိုက် ဆက်နွှယ်ရာ နယ်ပယ်အသီးသီးက အထင်ကရ ပညာရှင်တွေရဲ့ သီအိုရီအမြင်တွေကို အကိုးအကားပြုထားပါတယ်။ ပထမဦးဆုံး လက်နက်ကိုင်အဖွဲ့တွေကို SAC က ရွေးချယ်ထိတွေ့ဆက်ဆံပြီး အတိုက်အခံတွေကို ဘယ်လို အစိတ်စိတ်အမြွှာမြွှာခွဲထုတ်ကာ တပ်ပေါင်းစုဦးဆောင်တဲ့ တော်လှန်ရေး ဖြစ်မလာအောင် ဘယ်လိုဟန့်တားနိုင်လဲဆိုတာကို Horowitz ရဲ့ သွေးခွဲအုပ်ချုပ်ရေးသီအိုရီ (Divide and Rule Theory)က ရှင်းပြပါတယ်။ ဒုတိယအနေနဲ့ကတော့ Darby နဲ့ Mac Ginty တို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သီအိုရီ (Peace Process Theory) အရ အဓိကပါဝင်ပတ်သက်သူတွေကို ဆွေးနွေးပွဲတွေကနေ ဖယ်ထုတ်တာဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ တရားဝင်ဖြစ်မှုနဲ့ ရေရှည်တည်တံ့ရေးကို ပျက်ပြားစေကြောင်း သတိပေးထားပါတယ်။ တတိယအနေနဲ့ Mearsheimer ရဲ့ Realist မူဘောင်နဲ့ George ရဲ့ ဗျူဟာမြောက်အသာစီးရမှု (strategic leverage) အယူအဆတွေကိုအခြေပြုထားတဲ့ အကျပ်ကိုင်သံခင်းတမန်ခင်းနဲ့ ဒေသတွင်းကြားဝင်ဖျန်ဖြေစွက်ဖက်မှုစတဲ့ အယူအဆတွေကို အသုံးပြုပြီး မြန်မာ့အရှေ့မြောက်နယ်စပ်ဒေသ အပစ်အခတ်ရပ်စဲရေးတွေမှာ တရုတ်နိုင်ငံရဲ့အခန်းကဏ္ဍကို ဆန်းစစ်ထားပါတယ်။ နောက်ဆုံးအနေနဲ့ကတော့ Mampilly ရဲ့ Rebel Governance သီအိုရီကို အသုံးပြုပြီး EAO တွေရဲ့ နယ်မြေထိန်းချုပ်ရေးဦးစားပေးမှု၊ အရပ်သားတွေနဲ့ ဆက်ဆံရေး၊ တနိုင်ငံလုံးအဆင့် တော်လှန်ရေးပူးပေါင်းလှုပ်ရှားမှုတွေမှာ ပါဝင်လိုစိတ်စတဲ့ နိုင်ငံရေးဆိုင်ရာ အပြုအမူတွေအပေါ် အပစ်ရပ်ရေးအစီအမံတွေက ဘယ်လိုသက်ရောက်မှုရှိကြောင်း သုံးသပ်ထားပါတယ်။ ဒီလေ့လာမှုမှာ အထက်ကဖော်ပြခဲ့တဲ့ သီအိုရီမူဘောင်တွေကို သီးခြားကဏ္ဍတွေအဖြစ် မတင်ပြဘဲ မြန်မာ့အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်မှာ အပြန်အလှန်ဆက်နွှယ်နေတဲ့ ရှုထောင့်တွေအဖြစ် ဒီအခန်းမှာ လက်တွေ့ကျကျဆန်းစစ်ဖို့ အသုံးပြုသွားမှာ ဖြစ်ပါတယ်။

## ၂.၁။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်မှုများ အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးမှုများမှသည် တဖွဲ့ချင်းခွဲခြားထိန်းချုပ်စီမံမှုဆီသို့

၂၀၁၅ ခုနှစ်မှာ လက်မှတ်ရေးထိုးခဲ့တဲ့ NCA ဟာ မြန်မာနိုင်ငံအတွင်း အင်အားစုပေါင်းစုံ ပါဝင်တဲ့ အပစ်အခတ်ရပ်စဲရေး မူဘောင်တရပ်ကို အင်စတီကျူးရှင်းအသွင်နဲ့ ဖော်ဆောင်နိုင်ရေးအတွက် အရေးပါတဲ့ ကြိုးပမ်းမှုကြီးတရပ် ဖြစ်ခဲ့ပါတယ်။ NCA မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (EAOs) ရှစ်ဖွဲ့က ဦးဆုံး လက်မှတ်ရေးထိုးခဲ့ပြီး နောက်ပိုင်းမှာ နှစ်ဖွဲ့ ထပ်မံပါဝင်လက်မှတ်ထိုးခဲ့ပါတယ်။ အရေးကြီးတာက NCA ဟာ အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်မှု၊ နိုင်ငံရေးဆွေးနွေးမှုနဲ့ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေကို အဆင့်လိုက် ချိတ်ဆက်ပုံဖော်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်တခုလုံးကို NCA လက်မှတ်ရေးထိုးခဲ့ကြတဲ့ EAOs တွေ၊ အစိုးရနဲ့ လွှတ်တော်တို့ ပါဝင်တဲ့ သုံးပွင့်ဆိုင်ဖွဲ့စည်းပုံကို ဖန်တီးခဲ့ပြီး ပြင်ပကစောင့်ကြည့်သူတွေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကလည်း ပံ့ပိုးကူညီနိုင်ခဲ့ကြပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (UPC) နဲ့ ယာယီအုပ်ချုပ်ရေး အစီအစဉ်တွေလိုမျိုး NCA နဲ့ ဆက်နွယ်နေတဲ့ ယန္တရားတွေက စနစ်တကျရှိခဲ့ပြီး အားလုံးပါဝင်နိုင်တဲ့ မျှော်မှန်းချက်မျိုး ပေါ်ထွက်လာစေခဲ့ပါတယ် (Aung Thu Nyein, 2020)။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းမှုက ငြိမ်းချမ်းမှုတည်ဆောက်ရေး ဖြစ်စဉ်တခုလုံးကို ရုတ်ခြည်း ရပ်တန့်သွားစေခဲ့ပါတယ်။ SACက NCA မူဘောင်ကို စွန့်လွှတ်ပြီး တဖွဲ့ချင်း အပစ်ရပ်သဘောတူညီမှုပုံစံကို ပြောင်းလဲကျင့်သုံးလာတာက လုပ်ထုံးလုပ်နည်းအရ ပြောင်းလဲစေရုံသာမကဘဲ NCA ရဲ့ မူလရည်ရွယ်ချက်ကနေပါ သိသိသာသာ ဖယ်ခွာသွားစေပါတယ်။ ဘက်စုံပြုပြင်ပြောင်းလဲမှုတွေကနေတဆင့် နိုင်ငံရေးအရအဖြေရှာဖို့ NCA က ကြိုးပမ်းပေမဲ့လည်း အာဏာသိမ်းပြီးနောက် SACရဲ့ အပစ်ရပ်ဗျူဟာမှာ တနိုင်ငံလုံးအဆင့် နိုင်ငံရေးအရ ထိတွေ့ဆက်ဆံတာမျိုး မရှိတော့ဘဲ ရေတိုအကျိုးစီးပွားအတွက် တဖွဲ့ချင်းကို ခွဲထုတ်ဆက်ဆံလာပြီး ပဋိပက္ခစီမံခန့်ခွဲမှု ကိရိယာတခုသဖွယ် အသုံးချခံရသလို ဖြစ်သွားပါတယ်။

ဒီအပြောင်းအလဲတွေက Horowitz (1985) ရဲ့ သွေးခွဲအုပ်ချုပ်ရေးသီအိုရီနဲ့ ကိုက်ညီနေပြီး အသာစီးရသူတွေက အတိုက်အခံတွေကို သီးခြားစီဆွေးနွေးပြီး စုစည်းညီညွတ်မှုကို တမင်တကာ ဟန့်တားထားတာလည်း ဖြစ်ပါတယ်။ RCSS, NMSP နဲ့ DKBA တို့လို အဖွဲ့တွေကို

- စစ်ရေးအရထိန်းချုပ်မှု ဒါမှမဟုတ် စီးပွားရေးဆိုင်ရာမက်လုံးတွေပေးကာ သီးသန့်ရွေးချယ် အပစ်ရပ်ပြီး SAC ဟာ တဖွဲ့ချင်းစီရဲ့ခြိမ်းခြောက်မှုကို လျှော့ချဖို့ ကြိုးပမ်းပါတယ်။ ဒီလိုလုပ်ခြင်းဟာ တော်လှန်ရေးလှုပ်ရှားမှုတခုလုံးနဲ့ စေ့စပ်ညှိနှိုင်းတွေဆုံဆွေးနွေးတာကို မလုပ်ဘဲ ရှောင်လွှဲလို့ရစေခဲ့ပါတယ်။ ဒါ့အပြင် NUG ဒါမှမဟုတ် PDF ကွန်ရက်တွေနဲ့ ဆွေးနွေးဖို့ ငြင်းဆန်ပြီး နွေဦးတော်လှန်ရေးနဲ့ ရပ်တည်ချက်တူတဲ့ တော်လှန်ရေးအဖွဲ့တွေအကြား ပူးပေါင်းဆောင်ရွက်မှုကိုလည်း ဟန့်တားထားပါတယ်။ Darby နဲ့ Mac Ginty (2003) တို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေရဲ့တရားဝင်မှုနဲ့ ရေရှည်တည်တံ့မှုအတွက် အင်အားစုအားလုံး ပါဝင်နိုင်မှုက အဓိကကျကြောင်း ဆွေးနွေးထားပါတယ်။ မြန်မာနိုင်ငံရဲ့လက်ရှိအခြေအနေမှာ လူထုထောက်ခံမှုအများစုကိုရရှိထားတဲ့ စစ်အာဏာရှင်ဆန့်ကျင်ရေး အင်အားစုတွေဖြစ်တဲ့ NUG, PDF တွေနဲ့ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းတွေဟာ SAC ရဲ့အပစ်ရပ်ကြိုးပမ်းမှုတွေကနေ လုံးဝဖယ်ထုတ်ခံထားရပါတယ်။ ဒီလို ဖယ်ထုတ်ထားတာက အာဏာသိမ်းမှုအလွန် အပစ်ရပ်သဘောတူညီချက်တွေအပေါ် တရားဝင်မှုဆိုင်ရာ အကျပ်အတည်းကို ပိုပြီးနက်ရှိုင်းစေပါတယ်။

ISP-Myanmar (2025a) ရဲ့ အချက်အလက်တွေအရ ဒီလိုဖယ်ထုတ်ခြင်းဟာ လူထုရဲ့ယုံကြည်မှုကို လျော့ပါးစေပါတယ်။ တော်လှန်ရေးအင်အားစုတွေရဲ့ထိန်းချုပ်ဒေသတွေမှာ ရှိတဲ့ ပြည်သူလူထုရဲ့ သဘောထားကတော့ SAC ဦးဆောင်တဲ့ ဆွေးနွေးမှုတွေအပေါ် အလွန်အမင်း အယုံအကြည်မဲ့နေကြောင်းကို တွေ့ရှိရပါတယ်။ မကြာသေးခင်က လေကြောင်းတိုက်ခိုက်မှုတွေနဲ့ မြေပြင်စစ်ကြောင်းတွေကြောင့် မြေလှန်ဖျက်ဆီးခံခဲ့ရတဲ့ ဒေသတွေမှာရှိတဲ့ တိုင်းရင်းသားလူမျိုးစုတွေကတော့ အယုံအကြည် မရှိကြတော့ပါဘူး။ နွေဦးတော်လှန်ရေးနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ KNPP နဲ့ CNF လို EAO အချို့ဟာ SAC နဲ့ တဖွဲ့ချင်းဆွေးနွေးမှုတွေကို လူသိရှင်ကြား ကန့်ကွက်ရှုတ်ချခဲ့ကြပြီး အဲဒီလိုဆွေးနွေးမှုတွေဟာ နိုင်ငံရေးအနှစ်သာရမရှိတဲ့ သိမ်းသွင်းဖြားယောင်းမှုပဲဖြစ်ကြောင်း သတိပေးထားကြပါတယ်။ SAC ရဲ့ဒီလိုသီးသန့်ရွေးချယ် ထိတွေ့ဆက်ဆံမှုဟာ အရင်ကရှိခဲ့တဲ့ NCA ရဲ့ဆွေးနွေးမှုမူဘောင်ထဲက အဓိကအဖွဲ့အစည်းတွေဖြစ်ကြတဲ့ NCCT နဲ့ PPST တို့ကတဆင့် စုပေါင်းဆွေးနွေးခဲ့ကြတဲ့ EAO တွေရဲ့ညီညွတ်မှုကိုလည်း ပြိုကွဲသွားစေခဲ့ပါတယ်။ ၂၀၂၃ ခုနှစ် အစောပိုင်း PPST အဖွဲ့ရဲ့ မှတ်တမ်းတွေအရ SACရဲ့ ကမ်းလှမ်းချက်တွေကို တုံ့ပြန်ဖို့ ရှိ၊ မရှိနဲ့ ပတ်သက်လို့ သဘောထားကွဲခဲ့ကြပါတယ်။ RCSS လို အဖွဲ့အချို့က အလွတ်သဘော ဆွေးနွေးမှုနဲ့ တပ်ပြန်လည်နေရာချထားရေးကို ရွေးချယ်ခဲ့ကြပြီး KIO လို အဖွဲ့တွေကတော့ ဒီလိုပြုလုပ်တာက တော်လှန်ရေးတပ်ပေါင်းစုသဘောကို အားနည်းစေပြီး SAC ကို တရားဝင်မှုပေးရာရောက်မယ်လို့ စိုးရိမ်ငြင်းဆန်ခဲ့ကြပါတယ်။

- ‘လားရှိုးမိုဒယ်’[၃] (Lashio Model) ဆိုတာကတော့ MNDAA၊ TNLA နဲ့ AA တို့လိုမြောက်ပိုင်း EAO တွေနဲ့ SAC အကြား တရုတ်နိုင်ငံက ကြားဝင်စေ့စပ်ပေးတဲ့ တနိုင်ငံလုံးအဆင့် NCA မှုဘောင်ပြင်ပ အပစ်အခတ်ရပ်စဲရေး ပုံစံသစ်တခု ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် နှောင်းပိုင်းမှာ တရုတ်အရာရှိတွေက နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေတည်ငြိမ်စေဖို့နဲ့ BRI အခြေခံအဆောက်အအုံစီမံကိန်းတွေ လုံခြုံစေဖို့ရည်ရွယ်ပြီး SAC နဲ့ မြောက်ပိုင်းညီနောင်မဟာမိတ်တွေအကြား လားရှိုးမြို့မှာ ဆွေးနွေးပွဲတွေပြုလုပ်နိုင်ဖို့ ကူညီပံ့ပိုးပေးခဲ့ပါတယ်။ ဒီဆွေးနွေးပွဲတွေကြောင့် တိုက်ပွဲတွေ ခေတ္တရပ်တန့်သွားပြီး ရှမ်းပြည်မြောက်ပိုင်းက SAC တပ်ဖွဲ့တွေကို စစ်ကိုင်းနဲ့ မကွေးတိုင်းတို့လို တော်လှန်ရေး အချက်အချာနယ်မြေတွေဆီ ပြောင်းရွှေ့ထိုးစစ်ဆင်နိုင်စေခဲ့ကြောင်း ISP-Myanmar (2025b) နဲ့ မြေပြင်အစီရင်ခံစာတွေက ဖော်ပြနေပါတယ်။ Realist (Mearsheimer, 2001) အယူအဆက ဒေသတွင်း မဟာအင်အားကြီးနိုင်ငံရဲ့ ဩဇာလွှမ်းမိုးခြယ်လှယ်မှု (regional hegemonic interventionism) ကို လေ့လာတဲ့ အယူအဆဖြစ်ပါတယ်။ ဒီအမြင်ကကြည့်ရင် တရုတ်နိုင်ငံဟာ ဘက်မလိုက်တဲ့ ငြိမ်းချမ်းရေးဖျန်ဖြေသူအဖြစ်မဟုတ်ဘဲ ကြားခံနယ်မြေတည်ငြိမ်ရေးကိုပဲ ရှေးရှုတဲ့ အကျပ်ကိုင်စေ့စပ်ညှိနှိုင်းသူ (coercive mediator) အဖြစ် ဆောင်ရွက်နေတာလို့ သတ်မှတ်နိုင်ပါတယ်။ ဒီလို ပြင်ပဖိအားကြောင့် ဖြစ်ပေါ်လာတဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတွေက ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူပြုခြင်းထက် ပထဝီနိုင်ငံရေးနဲ့ဆက်နွှယ်တဲ့ ဗျူဟာမြောက်အကျိုးစီးပွားကို ပိုဦးစားပေးတဲ့သဘော ရှိပါတယ်။ ဒီလိုအပစ်အခတ်ရပ်စဲရေးမျိုးက SAC ရဲ့ ပဋိပက္ခကို ကန့်သတ်ခွဲထုတ်ထိန်းချုပ်စီမံတဲ့ မိုဒယ်ကို ပိုခိုင်မာစေပါတယ်။

အာဏာသိမ်းမှုအလွန် အပစ်ရပ်ရေး ဖြစ်စဉ်တွေရဲ့ တည်ဆောက်ထားပုံက အသွင်ကူးပြောင်းရေး (transformation) အတွက် ရည်ရွယ်တာ မဟုတ်ဘဲ၊ ပဋိပက္ခကို စီမံထိန်းချုပ်ရုံ (containment) မျှသာ ဖြစ်နေပါတယ်။ SAC ရဲ့ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုတွေမှာ နိုင်ငံရေးဆွေးနွေးမှု ယန္တရားတွေ၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ ကတိကဝတ်တွေ၊ ဒါမှမဟုတ် ဖွဲ့စည်းပုံပြင်ဆင်ရေး အချိန်ဇယားတွေ မပါဝင်ပါဘူး။

၃ ၂၀၂၅ ခုနှစ် မေ ၈ ရက်တွင် ISP-Myanmar ကထုတ်ဝေခဲ့သည့် ‘အို… မြောက်ပိုင်းလမ်း - အချုပ်အခြာအာဏာကို တဆင့်ခံကန်ထရိုက်ပေးခြင်း’ (O’ Northern Roads: Subcontracting Sovereignty) အစီရင်ခံစာတွင် ‘လားရှိုးမိုဒယ်’ (Lashio Model) ဟူသော အသုံးအနှုန်းကို စတင်သုံးစွဲခဲ့သည်။ လားရှိုးဖြစ်စဉ်တွင် MNDAA သည် ၂၀၂၅ ခုနှစ် ဧပြီလ ၂၁ ရက်မှ ၂၃ ရက်အတွင်း လားရှိုးမြို့တွင် လွှင့်ထူထားသော ၎င်းတို့၏အလံများနှင့် အထူးဒေသ(၁)အလံများကို ပြန်လည်ဖြုတ်သိမ်းခဲ့ပြီး မြို့အား SAC တပ်ဖွဲ့များထံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။ လားရှိုးမြို့သည် ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် MNDAA နှင့် မဟာမိတ်တပ်များက SAC ၏ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်(ရမခ)နှင့်အတူ တိုက်ခိုက်သိမ်းပိုက်ခဲ့သည့် ရှမ်းပြည်မြောက်ပိုင်း၏ အဓိက မြို့ကြီးတမြို့ဖြစ်သည်။ ဤအကူးအပြောင်းမှာ တရုတ်နိုင်ငံ၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် အဓိကဖြစ်ပေါ်လာခြင်း ဖြစ်သည်။

# ‘စစ်ဆင်ရေး ၁၀၂၇’အပြီး တော်လှန်ရေးတပ်ဖွဲ့များ၏ နယ်မြေထိန်းချုပ်မှု ပိုများလာ

‘စစ်ဆင်ရေး ၁၀၂၇’နှင့် နောက်ဆက်တွဲတိုက်ပွဲများကြောင့် မြန်မာစစ်တပ်အနေဖြင့် နိုင်ငံတဝန်း နယ်မြေအမြောက်အမြား ဆုံးရှုံးခဲ့ရသည်။ မြန်မာစစ်တပ်သည် ယခုအချိန်အထိ မြို့ပေါင်း ၂၁ မြို့ကို ပြန်လည်သိမ်းယူထားနိုင်ပြီး ၈၁ မြို့ကို လက်လွှတ်ထားရဆဲဖြစ်သည်။ လက်ရှိတွင် မြန်မာစစ်တပ်သည် မြန်မာနိုင်ငံ၏ **၃၉ ဒသမ ၃၄ ရာခိုင်နှုန်း(၂၆၆,၁၄၇.၉ စတုရန်းကီလိုမီတာ)** ကို လက်လွှတ်ထားရသည်။




- မြို့
- တော်လှန်ရေးတပ်ဖွဲ့များ သိမ်းယူထားသည့်မြို့
- မြန်မာစစ်တပ် ပြန်လည်ထိန်းချုပ်ထားသည့်မြို့
- ‘စစ်ဆင်ရေး ၁၀၂၇’မတိုင်မီ တော်လှန်ရေးတပ်ဖွဲ့များ၏ ထိန်းချုပ်နယ်မြေ
- ‘စစ်ဆင်ရေး ၁၀၂၇’အပြီး တော်လှန်ရေးတပ်ဖွဲ့များ၏ ထိန်းချုပ်နယ်မြေ
- ‘စစ်ဆင်ရေး ၁၀၂၇’အပြီး မြန်မာစစ်တပ်၏ ထိန်းချုပ်နယ်မြေ

**ဒေတာအချက်အလက် - ၂၀၂၆ ခုနှစ် မေ ၂၇ ရက်အထိ။** ISP-Myanmar ၏ ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာလေ့လာမှု (Conflict, Peace and Security Studies) သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။ ယခုပုံတွင် တော်လှန်ရေးအဖွဲ့များ၏ စိုးမိုး၊ လှုပ်ရှားနေသည့် ဒေသများကို ဖော်ပြမထားပါ။ ‘စစ်ဆင်ရေး ၁၀၂၇’နောက်ပိုင်း စစ်ဆင်ရေးနှင့် တိုက်ရိုက်ချိတ်ဆက်နေသော အဖွဲ့ပေါင်းစုံ၏ ထိန်းချုပ်ဒေသများကိုသာ ဖော်ပြထားပါသည်။

ဒီဆွေးနွေးပွဲတွေက အတိုက်အခံတွေကို ခွဲထုတ်ရေး၊ တိုက်ပွဲပြင်းထန်တဲ့ စစ်မျက်နှာတွေမှာ စစ်ရေးတင်းမာမှုကို လျှော့ချနိုင်ရေးနဲ့ နိုင်ငံတကာကို ပြည်တွင်းရေးတည်ငြိမ်မှု ရှိနေသယောင် ပြသရေးအတွက် အကွက်ချဖန်တီးထားတဲ့ လှည့်ဖြားရေးဗျူဟာတွေသာ ဖြစ်တယ်လို့ ဆိုရပါမယ်။ Zartman (2001) ရဲ့ 'ပဋိပက္ခရင့်မှည့်ခြင်းသီအိုရီ' (Ripeness Theory) ကတော့ ပဋိပက္ခဖြစ်ပွားနေတဲ့ နှစ်ဖက်အင်အားစုတွေက 'သူနာကိုယ်နာ' အထိနာလာတဲ့ ရှေ့မတိုးသာနောက်မဆုတ်သာ အခြေအနေ (mutually hurting stalemate) ကို ခံစားရတဲ့အချိန်မှသာ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ အောင်မြင်နိုင်ကြောင်း ရှင်းပြတဲ့ သီအိုရီဖြစ်ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိပတ်ဝန်းကျင်မှာ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ အောင်မြင်နိုင်တဲ့ အခြေအနေနဲ့ အလှမ်းဝေးကွာနေပါတယ်။ အခြားနေရာတွေမှာ အပစ်ရပ်နေပေမဲ့လည်း အချို့သော တော်လှန်ရေး နယ်မြေတွေမှာ စစ်ဆင်ရေးတွေ ဆက်လက် ဆောင်ရွက်နေတာကိုကြည့်ရင် SAC က သူတို့အနေနဲ့ ဗျူဟာမြောက် ထွက်ပေါက်ပိတ်နေတယ်လို့ မယူဆကြောင်းကို သက်သေပြနေပါတယ်။ ဥပမာအနေနဲ့ ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှာ ပဋိပက္ခဒဏ်သင့် ရခိုင်ဒေသမှာ လူသားချင်းစာနာထောက်ထားမှုကို အကြောင်းခံကာ AA နဲ့ အပစ်ရပ်ခဲ့ပြီးနောက်မှာ တပ်တွေကို စစ်ကိုင်းတိုင်းထဲ ပြောင်းရွှေ့နေရာချထားခဲ့ပြီး အကြီးအကျယ် ထိုးစစ်ဆင်ခဲ့တာ တွေ့ရပါတယ်။ SAC ရဲ့ လေကြောင်းတိုက်ခိုက်မှုကြောင့် နှစ်လအတွင်း အရပ်သား ၂၅,၀၀၀ ကျော် အိုးအိမ်စွန့်ခွာခဲ့ရပါတယ် (OCHA, 2023)။ ဒီလုပ်ရပ်ဟာ Bünte နှင့် Dressel (2021) တို့ ရှင်းပြခဲ့ကြတဲ့ 'အပစ်ရပ်မှုကို အခွင့်ကောင်းယူအသုံးချခြင်း' (Ceasefire Opportunism) ဆိုတာမျိုးဖြစ်ပြီး ယာယီသဘောတူညီချက်တွေကို ယုံကြည်မှုတည်ဆောက်ဖို့မဟုတ်ဘဲ စစ်ရေးအနေအထား ပြန်လည်ပြင်ဆင်ရေးအတွက် အသုံးချသလိုသာ ဖြစ်ခဲ့ပါတယ်။

အားလုံးပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးမှုနေရာမှာ တပ်ဖွဲ့ချင်းနဲ့အပစ်ရပ်မှုတွေကို အစားထိုးလာတာက ဖက်ဒရယ်နဲ့ ဒီမိုကရေစီတောင်းဆိုချက်တွေကို ဘေးရောက်စေပြီး စစ်တပ်ရဲ့ ထိန်းချုပ်မှုကိုသာ ပိုမိုခိုင်မာစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအပြောင်းအလဲရဲ့ အမြင့်ဆုံးအကျိုးသက်ရောက်မှုက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အယုံအကြည်မဲ့လာစေတာပဲ ဖြစ်ပါတယ်။ SAC ဦးဆောင်တဲ့ အပစ်အခတ်ရပ်စဲရေးတွေကို ဟန်ပြသက်သက်၊ အာမခံချက်မရှိတဲ့လုပ်ရပ်နဲ့ သွေးခွဲမှုအဖြစ်သာ ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်ကြပါတော့တယ်။ အင်အားစုအားလုံးပါဝင်နိုင်မှုနဲ့ အစီအစဉ်တကျဆောင်ရွက်မှု ကင်းမဲ့ခြင်းက NCA ကာလက တည်ဆောက်ခဲ့တဲ့ ယုံကြည်ချက် အရှိန်အဟုန်ကို ပျက်ပြားစေပါတယ်။ ရလဒ်အနေနဲ့ ဆွေးနွေးပွဲပတ်ဝန်းကျင်ဟာ ဘုံမျှော်မှန်းချက် ဒါမှမဟုတ် ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအပေါ် အခြေမခံတော့ဘဲ အစိတ်စိတ်အမြွှာမြွှာကွဲပြားမှု၊ ပြင်ပနိုင်ငံတွေရဲ့ ကြားဝင်စေ့စပ်မှုနဲ့ စစ်ရေးအသာစီးရမှု စတာတွေအပေါ်မှာပဲအခြေပြုနေသလို ဖြစ်လာပါတယ်။ နုနယ်ပေ

- မဲ့လည်း မျှော်လင့်ချက်ရှိခဲ့တဲ့ အရင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အခုအချိန်မှာ အတိုက်အခံတွေ ဖရိုဖရဲဖြစ်ရေး၊ ဒေသတွင်း နိုင်ငံတကာဆက်ဆံရေးကို လှည့်စားရေးနဲ့ စစ်မှန်တဲ့ နိုင်ငံရေးအသွင်ကူးပြောင်းမှုကို အချိန်ဆွဲဖို့အတွက် စစ်အာဏာရှင်တွေဆီမှာ အသုံးချခံနေရတဲ့ ပဋိပက္ခစီမံခန့်ခွဲမှု ကိရိယာတခု ဖြစ်သွားခဲ့ရပြီလို့ဆိုနိုင်ပါတယ်။

## ၂.၂။ သွေးခွဲအုပ်ချုပ်မှု မဟာဗျူဟာ

အာဏာသိမ်းမှုအလွန် SAC ရဲ့ အပစ်ရပ်မှုဝါဒဟာ EAO တွေနဲ့ တဖွဲ့ချင်းစီ သဘောတူညီချက်တွေကနေတဆင့် ညှိနှိုင်းယူပြီး၊ လက်နက်ကိုင် တော်လှန်ရေးအင်အားစုတွေကို အကွဲကွဲအပြားပြားဖြစ်စေဖို့ ရည်ရွယ်တဲ့ သွေးခွဲအုပ်ချုပ်ရေး (divide and rule) ဗျူဟာ ဖြစ်ကြောင်း အထင်အရှား ပြသနေပါတယ်။ SAC ဟာ NCA ဖြစ်စဉ်ကာလတွေက တည်ဆောက်ခဲ့တဲ့ ဘက်ပေါင်းစုံပါဝင်တဲ့ မူဘောင်တွေကို ပြန်လည်အသက်သွင်းဖို့ သို့မဟုတ် ချဲ့ထွင်ဖို့ ကြိုးစားရမယ့်အစား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား အားပြိုင်မှုတွေ၊ ပထဝီဝင်အနေအထားအရ ကွဲပြားမှုတွေနဲ့ စစ်ရေးအရ အားနည်းချက်တွေကို အခွင့်ကောင်းယူပြီး စစ်ရေးနဲ့ နိုင်ငံရေး ရည်မှန်းချက်တွေအတွက် အသုံးတည့်မယ့် ဒေသန္တရအဆင့် အပေးအယူပြုမှုတွေကိုပဲ လုပ်ဆောင်လာခဲ့ပါတယ်။

Horowitz (1985) ရဲ့ လူမျိုးစုပဋိပက္ခသီအိုရီ (Theory of Ethnic Conflict) အရ သွေးခွဲအုပ်ချုပ်ရေး ချဉ်းကပ်မှုရဲ့ သဘောသဘာဝဟာ အတိုက်အခံတွေကို သီးခြားစီ ထိတွေ့ဆက်ဆံတာ၊ အစုအဖွဲ့တွေအကြား မယုံကြည်မှု မြင့်မားစေတာ၊ စုပေါင်းညှိနှိုင်းဆွေးနွေးနိုင်စွမ်းကို အားနည်းစေတာဖြစ်ကြောင်း ရှင်းပြထားပါတယ်။ SAC ဟာ NCA လက်မှတ်မထိုးရသေးတဲ့၊ ဒါမှမဟုတ် ပူးပေါင်းဆောင်ရွက်မှု လျော့နည်းလာတဲ့အဖွဲ့တွေကို အပစ်ရပ်ရေး၊ စစ်ရေးအရ မတိုက်ခိုက်ရေး ဒါမှမဟုတ် စီးပွားရေးမက်လုံးတွေပေးပြီး ပစ်မှတ်ထားချဉ်းကပ်ခဲ့ပါတယ်။ NUG၊ နွေဦးတော်လှန်ရေးတို့နဲ့အတူ ရပ်တည်နေတဲ့ အင်အားစုများကိုတော့ လုံးဝ ဖယ်ထုတ်ထားပါတယ်။ ဒီဗျူဟာက ပေါ်ထွက်လာတဲ့ အခွင့်အရေးကို အသုံးချရုံသက်သက်မဟုတ်ဘဲ တော်လှန်ရေးမဟာမိတ်စုဖွဲ့မှုတွေကို ဖြိုခွဲဖို့နဲ့၊ ဖက်ဒရယ်ဒီမိုကရေစီ မဟာမိတ်အင်အားစု ပေါ်ပေါက်မလာအောင် တွက်ချက်လုပ်ဆောင်တာလည်း ဖြစ်ပါတယ်။ ဒီဗျူဟာကတဆင့် SACဟာ အဖွဲ့တချို့နဲ့ လုံခြုံရေးဆိုင်ရာ အာမခံချက်တွေကို ညှိနှိုင်းနေဆဲမှာ တခြားအဖွဲ့တွေကို တပြိုင်နက် အင်အားသုံးတိုက်ခိုက်ပြီး စစ်ရေးကစားကွက်ကို စိတ်ကြိုက်ခြယ်လှယ်နိုင်ဖို့ ကြိုးပမ်းနေတာပဲဖြစ်ပါတယ်။

ISP-Myanmar ရဲ့ စောင့်ကြည့်လေ့လာချက်တွေအရ ၂၀၂၁ ခုနှစ်ကနေ ၂၀၂၅ ခုနှစ် အစောပိုင်းအတွင်း SAC ဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အနည်းဆုံးရှစ်ဖွဲ့နဲ့ တိုက်ရိုက်ဆွေးနွေးမှုတွေ၊ အလွတ်သဘော အပစ်ရပ်စဲမှုတွေပြုလုပ်ခဲ့ပြီး ဒါတွေကို 'ငြိမ်းချမ်းရေးကမ်းလှမ်းမှု' (ဝါ) လုံခြုံရေး၊ တည်ငြိမ်ရေးဆိုတဲ့ ခေါင်းစဉ်တွေအောက်မှာ ဆောင်ရွက်ခဲ့ပါတယ်။ ဒီဆွေးနွေးမှုတွေမှာ RCSS၊ NMSP၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီနဲ့ DKBA တို့ ပါဝင်ပါတယ်။ ဒီဆွေးနွေးမှုတွေက NCA မူဘောင်အတွင်းက ဆောင်ရွက်ခြင်းမဟုတ်သလို နိုင်ငံရေးဆွေးနွေးမှုအတွက် ပွင့်လင်းမြင်သာတဲ့ လမ်းပြမြေပုံလည်း မရှိခဲ့ပါဘူး။

ငြိမ်းချမ်းရေးကမ်းလှမ်းမှုကို အဖွဲ့ ၁၀ ကျော်က တုံ့ပြန်ခဲ့တယ်လို့ SAC က လူသိရှင်ကြားပြောဆိုခဲ့ပေမဲ့လည်း အဲဒီထိတွေ့မှုတွေက နေပြည်တော် ဒါမှမဟုတ် တိုင်းဒေသကြီးတွေမှာ အဖွဲ့တွေကြား ကြိုတင်ညှိနှိုင်းမှုမရှိဘဲ သီးခြားစီပဲ ဖြစ်ခဲ့ပါတယ်[၄]။ ရလဒ်အနေနဲ့ ၁၉၉၀ ပြည့်လွန်နှစ်တွေက နဝတအစိုးရလက်ထက်မှာ နိုင်ငံရေးအရ လိုက်လျောမှုမပေးဘဲ တိုင်းရင်းသားအတိုက်အခံတွေကို အင်အားချည့်နဲ့စေရေး အသုံးပြုခဲ့တဲ့ ဗျူဟာတွေလိုပဲ အစိတ်စိတ်အမြွှာမြွှာဖြစ်နေတဲ့ အပစ်ရပ်အစီအစဉ်တွေသာ ပေါ်ပေါက်လာခဲ့ပါတယ်။ တချို့အခြေအနေတွေမှာ ဒီအပစ်ရပ်မှုတွေဟာ လူမျိုးစုအတွင်း သဘောထားကွဲလွဲမှုတွေကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ဥပမာအားဖြင့် ကရင်တော်လှန်ရေးလှုပ်ရှားမှုအတွင်းမှာ ကရင်ငြိမ်းချမ်းရေးကောင်စီ (KPC) က အစုအဖွဲ့တွေဟာ SAC ကိုယ်စားလှယ်တွေနဲ့ ထိတွေ့ဆက်ဆံခဲ့ကြပေမဲ့ မိခင်အဖွဲ့အစည်း KNU ကတော့ နွေဦးတော်လှန်ရေးနဲ့ ဆက်လက်မဟာမိတ်ပြုပြီး တဖွဲ့ချင်းဆွေးနွေးမှုတွေကို ငြင်းဆန်ခဲ့ပါတယ်။ ဒီလို သဘောထားကွဲလွဲမှုတွေကြောင့် ကရင်ဒေသအတွင်း နယ်မြေစိုးမိုးရေးနဲ့ တရားဝင်မှုတို့အတွက် ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့ပြီး ထိတွေ့တိုက်ပွဲတွေအထိ ဖြစ်ပွားခဲ့ရပါတယ် (KHRG, 2023)။ ဒါ့အပြင် မြောက်ပိုင်းအဖွဲ့တွေဖြစ်တဲ့ AA၊ TNLA နဲ့ MNDAA (ညီနောင်မဟာမိတ်သုံးဖွဲ့) ကို တဖွဲ့ချင်းစီအပစ်ရပ်ဖို့ SAC ရဲ့ကြိုးပမ်းမှုတွေမှာ ဗျူဟာမြောက်လမ်းကြောင်းတွေပေါ်မှာရှိတဲ့ အတိုက်အခံတွေကို ခွဲထုတ်လိုတဲ့ တရုတ်နိုင်ငံရဲ့ ပြင်ပဖိအားတွေကလည်း လွှမ်းမိုးနေပါတယ်။ SAC ကို ပူးပေါင်းတိုက်ခိုက်ရာမှာ ညီညွတ်မှုပျက်ယွင်းတာတွေ မကြီးမားခဲ့ပေမဲ့ အပစ်ရပ်ဆွေးနွေးမှုတွေကြောင့် ညီနောင်သုံးဖွဲ့အကြား ညှိနှိုင်းဆောင်ရွက်မှုတွေ ပိုမိုရှုပ်ထွေးစေခဲ့ပါတယ်။

၄ ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီးနောက်ပိုင်းတွင် NCA လက်မှတ်ထိုးထားသော ခုနစ်ဖွဲ့အပြင် လက်မှတ်ထိုးမထားသော အဖွဲ့ခြောက်ခုတို့နှင့် (၂၀၂၂ ခုနှစ်မှစတင်၍) အစည်းအဝေးပေါင်း ၁၁၄ ကြိမ်ပြုလုပ်ခဲ့သည်ဟု ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ အစည်းအဝေး (၁/၂၀၂၅) တွင် ပြောခဲ့ပါသည်။ ၂၀၂၂ ခုနှစ်ကို 'ငြိမ်းချမ်းရေးနှစ်'အဖြစ် သတ်မှတ်ခဲ့ပြီး နိုင်ငံရေးပါတီ ၂၁ ပါတီ၊ အခြားအဖွဲ့အစည်းများနှင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးမှု ၁၀ ကြိမ် ပြုလုပ်ခဲ့ကြောင်း ပြောခဲ့ပါသည်။

အာဏာမသိမ်းခင်က NCCT နဲ့ PPST လို ဘက်ပေါင်းစုံ ညှိနှိုင်းရေးအဖွဲ့တွေဟာ အစိုးရနဲ့ ဆွေးနွေးရာမှာ ဘုံနိုင်ငံရေးရည်မှန်းချက်နဲ့ ချဉ်းကပ်နိုင်မယ့် ပလက်ဖောင်းတွေ ဖြစ်ခဲ့ပါတယ်။ ဒီစုဖွဲ့မှုတွေက နုနယ်ပေမဲ့ ဘုံသဘောတူညီချက်တွေ တည်ဆောက်တာ၊ စုပေါင်းညှိနှိုင်းတာနှင့် ဖက်ဒရယ်မျှော်မှန်းချက်တွေကို မျှဝေဆွေးနွေးတာတွေ ပြုလုပ်နိုင်မယ့် နေရာဖန်တီးပေးနိုင်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် နောက်ပိုင်းမှာတော့ ဒီပလက်ဖောင်းတွေ ပြိုကွဲသွားခဲ့ပါတယ်၊ ဘေးရောက်သွားခဲ့တယ်လို့ ဆိုရပါမယ်။ SAC က အမျိုးသားအဆင့် ဆွေးနွေးပွဲတွေကျင်းပရေး ဒါမှမဟုတ် JICM အစည်းအဝေးတွေကို ပြန်လည်စတင်ရေးကို ငြင်းဆန်ခဲ့ပြီး EAO တွေနဲ့ တဖွဲ့ချင်းစီတွေ့ဆုံပြီး စုပေါင်းဆောင်ရွက်နိုင်စွမ်းကိုဖြိုခွဲတဲ့ သွေးခွဲအုပ်ချုပ်ရေးပုံစံကိုပဲ တစိုက်မတ်မတ် ကျင့်သုံးခဲ့ပါတယ်။

ဒီအကျိုးဆက်တွေကို တော်လှန်ရေးအခင်းအကျင်းမှာ အထင်အရှား တွေ့မြင်နိုင်ပါတယ်။ EAO တွေနဲ့ နွေဦးတော်လှန်ရေးအင်အားစုတွေအကြား စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုတွေက တသမတ်တည်းမရှိခဲ့ပါဘူး။ KNU၊ CNF၊ KNPP နဲ့ KIA လို အဖွဲ့အချို့က PDF၊ NUG တို့နဲ့ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို ထိန်းသိမ်းထားပေမဲ့လည်း အခြားအဖွဲ့တွေကတော့ ထိတွေ့ဆက်ဆံမှုကိုငြင်းဆန်ရင် ဝိုင်းပတ်ပိတ်ဆို့ခံရတာ၊ ဒါမှမဟုတ် SAC ရဲ့ ပြစ်ဒဏ်ပေးတိုက်ခိုက်မှုကိုခံရတာစတဲ့ ဆိုးကျိုးတွေနဲ့ ရင်ဆိုင်ရမှာကို စိုးရိမ်တာကြောင့် ကြားနေဖို့ ဒါမှမဟုတ် အကန့်အသတ်နဲ့ပြုလုပ်တဲ့ အပစ်ရပ်ဆွေးနွေးမှုတွေမှာ ပါဝင်ဖို့ကိုပဲ ရွေးချယ်ခဲ့ကြပါတယ်။ ဒီလို တကွဲတပြားစီဖြစ်နေမှုဟာ ပဋိပက္ခတခုလုံးရဲ့ အနေအထားကို တိုက်ရိုက်သက်ရောက်မှု ရှိစေပါတယ်။ ပူးပေါင်းဆောင်ရွက်မှု လျော့ရဲတဲ့ အဖွဲ့တွေရှိရာ ဒေသတွေမှာ တိုက်ပွဲတွေ ယာယီလျော့နည်းသွားလေ့ရှိပေမဲ့လည်း SAC ကို ဆန့်ကျင်တဲ့ မဟာမိတ်အင်အားစုတွေထိန်းချုပ်ရာ ဒေသတွေမှာတော့ အပြင်းအထန် တိုက်ခိုက်ခံနေရဆဲဖြစ်ပါတယ်။ ဒီလို ကွဲပြားခြားနားတဲ့ ဖိအားပေးမှုတွေကြောင့် အုပ်စုတွေအကြား ယုံကြည်မှုကို ပိုမိုပျက်ပြားစေပြီး တော်လှန်ရေးတခုလုံးရဲ့ အရှိန်အဟုန်ကို အားနည်းစေပါတယ်။

Rebel Governance ရှုထောင့် (Mampilly, 2011) ကနေ ကြည့်မယ်ဆိုရင် EAO အဖွဲ့အစည်းအများအပြားဟာ ဝန်ထမ်းယန္တရား၊ အခွန်စနစ်နဲ့ ဥပဒေရေးရာစနစ်တွေရှိတဲ့ ဒေသန္တရဆိုင်ရာ နိုင်ငံရေးအာဏာပိုင်တွေအဖြစ် လုပ်ဆောင်နေကြတာကို တွေ့ရမှာပါ။ ဒီလို အင်အားစုတွေအတွက် တဖွဲ့ချင်းနဲ့အပစ်ရပ်စဲရေးဟာ တိုက်ပွဲတွေကြောင့် အုပ်ချုပ်ရေး၊ ကုန်သွယ်ရေးနဲ့ လူထုဝန်ဆောင်မှုမလုပ်နိုင်တဲ့ ပဋိပက္ခဒဏ်သင့်နယ်မြေတွေမှာ ရေတိုအုပ်ချုပ်ရေးနဲ့ တည်ငြိမ်မှုပေးစွမ်းနိုင်တာကို တွေ့ရပါတယ်။ SAC ဟာ ဒီလိုအခွင့်အရေးမျိုးကို အသုံးချပြီး ပစ်ခတ်

တိုက်ခိုက်မှုကနေ ရှောင်ရှားနိုင်ရေးအတွက် အပြန်အလှန်အသိအမှတ်ပြုမှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ ကုန်သွယ်ရေးလုပ်ပိုင်ခွင့်တွေကို ကမ်းလှမ်းခဲ့တဲ့ ဥပမာတွေ ရှိခဲ့ပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် တော်လှန်ရေးအဖွဲ့အစည်းတွေအနေနဲ့ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်တွေကို ဦးစားပေး အာရုံစိုက်လာရပြီး သူတို့ရဲ့ တော်လှန်ရေး ကတိကဝတ်တွေဆီကနေ ဝေးကွာသွားစေပါတယ်။ ဥပမာအားဖြင့် RCSS ဒါမှမဟုတ် KNU/KNLA-PC လို နယ်စပ်စီးပွားရေး ဆက်ဆံမှုတွေ ဒါမှမဟုတ် ဒေသန္တရအုပ်ချုပ်ရေးယန္တရားတွေရှိတဲ့ အဖွဲ့တွေဟာ SAC ကမ်းလှမ်းတဲ့ အပစ်ရပ်ရေးဆွေးနွေးပွဲတွေမှာ ပါဝင်ဖို့ ပိုလိုလားကြတာကို တွေ့ရပါတယ်။

ဒါပေမဲ့ ဒီလိုအပေးအယူလုပ်တာက နွေဦးတော်လှန်ရေးနဲ့အတူ ရပ်တည်နေတဲ့ လူထုရဲ့ထောက်ခံမှုကို စတေးပြီးမှ ရရှိလာတာလို့ ဆိုရပါမယ်။ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်တွေ SAC နဲ့ အပေးအယူလုပ်တာကို ဒေသခံတွေက ဆန့်ကျင်ဆန္ဒပြမှုတွေရှိခဲ့ပြီး အထူးသဖြင့် အဲဒီအစီအမံတွေကြောင့် စစ်ဆေးရေးဂိတ်၊ လမ်းနဲ့ သယံဇာတကြွယ်ဝတဲ့ နေရာတွေကို SAC က လက်တွေ့ကျကျ ထိန်းချုပ်ခွင့်ရသွားချိန်မှာ အခြေအနေတွေ ပိုပြီး ဆိုးရွားလာခဲ့ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ SAC ရဲ့ သွေးခွဲအုပ်ချုပ်ရေးဗျူဟာက စစ်ရေးအရ ခုခံတော်လှန်မှုကို တကွဲတပြားစီ ဖြစ်စေရုံသာမကဘဲ လက်နက်ကိုင်အင်အားစုတွေရဲ့ အဖွဲ့တွင်း အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်တွေမှာပါ ခြယ်လှယ်မှုတွေ ဖြစ်ပေါ်လာစေပါတယ်။ ဒီလိုနဲ့ တညီတညွတ်တည်းဖြစ်တဲ့ ဖက်ဒရယ်ဒီမိုကရေစီတောင်းဆိုချက်တရပ် ဖြစ်ပေါ်လာနိုင်ခြေကို ပိုမိုအားနည်းသွားစေပါတယ်။

တဖွဲ့ချင်းနဲ့အပစ်ရပ်ရေးတွေကတဆင့် တော်လှန်ရေးအဖွဲ့တွေကို အစိတ်စိတ်အမြွှာမြွှာဖြစ်စေတာကြောင့် ငြိမ်းချမ်းရေးအခင်းအကျင်းမှာ ဗဟိုချက်မဲ့တဲ့၊ ပွင့်လင်းမြင်သာမှုမရှိတဲ့၊ အဖွဲ့အစည်းတွေကို ဖဲကြိုးချုပ်ထားတဲ့ အခြေအနေကို ဖန်တီးဖြစ်ပေါ်စေပါတယ်။ ဘုံသဘောထားတွေကို အတူမျှဝေနိုင်မယ့် နိုင်ငံရေးဆွေးနွေးမှုစားပွဲဝိုင်း၊ တနည်း အမျိုးသားအဆင့် တွေ့ဆုံဆွေးနွေးမှုတွေ၊ ဒါမှမဟုတ် အဆင့်လိုက်ချိတ်ဆက်နိုင်တဲ့ ဖြစ်စဉ်ယန္တရားတွေ မရှိတော့တာကြောင့် နိုင်ငံရေးအရ အဖြေရှာမယ့်လမ်းကြောင်းအစား ဒေသန္တရအဆင့် အစီအမံတွေနဲ့သာ အစားထိုးခံရတော့မယ့်အသွင် ဖြစ်စေပါတယ်။ ဒီအစီအမံတွေက အချိန်မရွေး ပြိုကွဲသွားနိုင်ပြီး ဒါကို ကုစားဖို့အတွက် စည်းနှောင်နိုင်တဲ့ ယန္တရားစနစ်တွေလည်း မပါဝင်သလို နိုင်ငံအတွင်း ဖြစ်ပွားနေတဲ့ ရေရှည်ပဋိပက္ခရဲ့ နိုင်ငံရေးဆိုင်ရာ အရင်းခံအကြောင်းရင်းတွေကိုလည်း ဖြေရှင်းနိုင်စွမ်းမရှိပါဘူး။ ဒါ့အပြင် SACက ရည်ရွယ်ချက်ရှိရှိနဲ့ အကောင်အထည်ဖော်နေတဲ့ အတိုက်အခံတွေအကြား အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲစေရေးက နောင်မှာပေါ်ပေါက်လာမယ့် ဘယ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုမဆို ယုံကြည်မှုပိုင်း

ဆိုင်ရာအရ တိုက်ရိုက်ထိခိုက်စေနိုင်ပါတယ်။ အခုဖြစ်ပေါ်နေတဲ့အတိုင်း မညီမျှတဲ့ အနေအထားတွေနဲ့ သီးခြားစီ ဆက်လက်ထိတွေ့ဆက်ဆံနေမယ်ဆိုရင် အတိုက်အခံအင်အားစုတွေကြား ယုံကြည်မှုတည်ဆောက်ဖို့ ခက်ခဲနေဦးမှာဖြစ်ပြီး ဖက်ဒရယ်စနစ်အတွက် အဖြေရှာနိုင်မယ့် အလားအလာကလည်း ပိုမိုကြန့်ကြာနေဦးမှာ ဖြစ်ပါတယ်။

သီအိုရီအရ သွေးခွဲအုပ်ချုပ်ရေးချဉ်းကပ်မှုတွေဟာ အာဏာရှင်အစိုးရတွေရဲ့ စစ်ရေးအကျိုးစီးပွားအတွက် အလုပ်ဖြစ်နိုင်ပေမဲ့လည်း နိုင်ငံတခုလုံးကို လွှမ်းခြုံနိုင်မယ့် တစုံလုံးပါဝင်တဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုကို ပျက်ပြားစေနိုင်ပြီး ရေရှည်မတည်ငြိမ်မှုကိုသာ ဦးတည်စေနိုင်တယ်လို့ ဆိုပါတယ်။ အခုဖြစ်ပေါ်နေတဲ့ မြန်မာနိုင်ငံအခြေအနေဟာ ပဋိပက္ခကို အသွင်ကူးပြောင်းဖို့ ကြိုးပမ်းနေတာမဟုတ်ဘဲ ပဋိပက္ခထိန်းချုပ်စီမံရေးကို ဆက်လက်ဖော်ဆောင်နေသလို ဖြစ်နေတာကြောင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ တိုင်းရင်းသားတန်းတူညီမျှရေးနဲ့ ရေရှည်ပြန်လည်သင့်မြတ်ရေးတို့အတွက် ကြီးမားတဲ့ အဟန့်အတားတွေ ဖြစ်ပေါ်စေပါတယ်။

## ၂.၃။ အကျပ်ကိုင် သံခင်းတမန်ခင်းနှင့် ဒေသတွင်းသြဇာလွှမ်းမိုးရေး ကြားဝင်ဖျန်ဖြေမှု

မြန်မာနိုင်ငံရဲ့ ပထဝီဝင်အနေအထားနဲ့ ဒေသတွင်းရှုပ်ထွေးမှုတွေ အထူးသဖြင့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံတို့နဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ နယ်စပ်ဒေသတွေရဲ့ အခြေအနေတွေက မြန်မာ့ပြည်တွင်းပဋိပက္ခကို ကာလရှည်ကြာ လွှမ်းမိုးပုံဖော်မှုရှိပါတယ်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု နောက်ပိုင်းကစပြီး တရုတ်နိုင်ငံလို ဒေသတွင်း အင်အားကြီးနိုင်ငံတွေဟာ နယ်စပ်ဒေသတွေမှာရှိတဲ့ လက်နက်ကိုင်အင်အားစုတွေနဲ့ SAC အကြား အပစ်ရပ်သဘောတူညီချက်တွေ ရရှိရေးအတွက် ပိုဖြောင့်ကျရဲတင်းတဲ့ ကြားဝင်စေ့စပ်မှု၊ ဒါမှမဟုတ် ဖိအားပေးမှုတွေကို ဗျူဟာမြောက်လုပ်ဆောင်လာခဲ့ပါတယ်။ ဒီလို ကြားဝင်ဆောင်ရွက်မှုတွေဟာ လူသားချင်းစာနာမှု ဒါမှမဟုတ် ဒီမိုကရေစီရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုတွေထက် နယ်စပ်ဒေသတည်ငြိမ်ရေး၊ ရွှေ့ပြောင်းဒုက္ခသည်အရေး၊ စီးပွားရေးစင်္ကြံတွေရဲ့လုံခြုံရေးစတာတွေကို ထိခိုက်လာနိုင်တဲ့ စိုးရိမ်မှုတွေအပေါ်မှာ ပိုမိုအခြေခံပါတယ်။

ဒီလိုကြားဝင်စွက်ဖက်မှုမျိုးကို Alexander George (1991) ရဲ့ အကျပ်ကိုင်သံခင်းတမန်ခင်းသီအိုရီ (Coercive Diplomacy Theory) ကို အသုံးပြုပြီး ရှင်းပြလို့ရပါတယ်။ အင်အားကြီးနိုင်ငံတွေက တိုက်ရိုက်စစ်မတိုက်တော့ဘဲ စီးပွားရေး၊ နိုင်ငံရေးနဲ့ စစ်ရေးဆိုင်ရာ ဖိအားတွေသုံးပြီး အားနည်းတဲ့အစုအဖွဲ့တွေရဲ့ အပြုအမူပြောင်းလဲစေပုံကို သီအိုရီက ဆွေးနွေးထားတာ

ဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ သူ့ရဲ့ ဒေသတွင်းဩဇာလွှမ်းမိုးမှု၊ ကုန်သွယ်ရေး အသာစီးရလိုမှုနဲ့ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု ယန္တရားတွေကို အသုံးပြုပြီး ယူနန်နယ်စပ်တလျှောက် (အထူးသဖြင့် မူဆယ်၊ လားရှိုးနဲ့ လိုင်ဇာအနီးတဝိုက်မှာ) တိုက်ပွဲတွေ လျှော့ချရေးအတွက် SAC နဲ့ EAOs တွေကို ဖိအားပေးခဲ့ပါတယ်။

တပြိုင်နက်တည်းမှာပဲ ဒီလုပ်ရပ်ဟာ John Mearsheimer (2001) ရဲ့ Realist အယူအဆဖြစ်တဲ့ ဒေသတွင်း ဩဇာလွှမ်းမိုးခြယ်လှယ်လိုမှုကို ထင်ဟပ်နေပါတယ်။ အဲဒီအယူအဆမှာ အင်အားကြီးနိုင်ငံတွေက သူတို့ရဲ့ အထက်-အောက်ဆက်ဆံမှုသဘောဆန်တဲ့ အာဏာစက်အခင်းအကျင်းနဲ့ ဗျူဟာအတိမ်အနက်ကို ထိန်းသိမ်းနိုင်ဖို့အတွက် အိမ်နီးချင်းနိုင်ငံတွေကို ကြိုးကိုင်ကြပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး တရုတ်ရဲ့ ကြားဝင်ဆောင်ရွက်မှုတွေက ကြားနေငြိမ်းချမ်းရေးတည်ဆောက်မှုမဟုတ်ဘဲ BRI နဲ့ ရှမ်းပြည်မြောက်ပိုင်းကနေ ရခိုင်ပြည်နယ်တလျှောက်မှာရှိတဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတွေစတဲ့ တရုတ်အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖို့အတွက် တွက်ချက်ထားတဲ့ ဗျူဟာတွေဖြစ်တယ်လို့ ဆိုရပါမယ်။

တရုတ်နိုင်ငံရဲ့ အကျပ်ကိုင်သံခင်းတမန်ခင်းနဲ့ပတ်သက်ပြီး အထင်ရှားဆုံး ဥပမာတခုကတော့ ၂၀၂၃ ခုနှစ်ကနေ ၂၀၂၅ ခုနှစ်အတွင်း SAC နဲ့ ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA) အကြား ကြားဝင်စေ့စပ်ပေးခဲ့တဲ့ အပစ်အခတ်ရပ်စဲရေးပုံစံဖြစ်တဲ့ ‘လားရှိုးမိုဒယ်’ပဲ ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်နှောင်းပိုင်း ရှမ်းပြည်မြောက်ပိုင်းမှာ ပြင်းထန်တဲ့တိုက်ပွဲတွေ ဖြစ်ပွားပြီးတဲ့နောက်မှာ တရုတ်အရာရှိတွေက လားရှိုးနဲ့ ကူမင်းမှာ ဆွေးနွေးပွဲတွေ ဆက်တိုက်စီစဉ်ပေးခဲ့တာကြောင့် ယာယီအပစ်အခတ်ရပ်စဲရေး ရရှိခဲ့ပါတယ်။ ဒီအပစ်အခတ်ရပ်စဲရေးကြောင့် ရှမ်းပြည်မြောက်ပိုင်းက SAC တပ်တွေ ပြန်လည်ဆုတ်ခွာခွင့်ရခဲ့ပါတယ်။ ဒါ့အပြင် အဓိကလမ်းမကြီးတွေ ပြန်လည်တည်ငြိမ်ပြီး နယ်စပ်ကုန်သွယ်ရေး ပြန်လည်စတင်နိုင်ခဲ့ပါတယ် (ISP-Myanmar, 2025b)။ SAC ဟာ ဒီလားရှိုးမိုဒယ်ကို မိုးကုတ်၊ မိုးမိတ်ပြန်လည်ရရှိရေးမှာပါ ဗျူဟာတခုအဖြစ် အသုံးချခဲ့ပါတယ်။

ဒါပေမဲ့လည်း အထက်မှာဖော်ပြခဲ့တဲ့ အပစ်အခတ်ရပ်စဲရေးတွေဟာ NCA မူဘောင်ရဲ့ အစိတ်အပိုင်းမဟုတ်သလို နိုင်ငံရေးဆွေးနွေးမှု၊ တာဝန်ခံမှု ဒါမှမဟုတ် ဖက်ဒရယ်ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အကြောင်းအရာတွေ မပါဝင်ပါဘူး။ ဒီသဘောတူညီချက်တွေဟာ အလွတ်သဘောဖြစ်ပြီး တရုတ်နိုင်ငံရဲ့ စီးပွားရေး အခြေခံအဆောက်အအုံတွေအတွက် လက်ငင်းတည်ငြိမ်မှုရှိရေးကိုသာ ရည်ရွယ်တာ ဖြစ်ပါတယ်။ ဒီသဘောတူညီချက်တွေမှာ တရုတ်နိုင်ငံရဲ့ လူသားချင်းစာနာမှုအကူအညီပေးမှုတွေ ရံဖန်ရံခါပါဝင်တတ်ပြီး ဒေသလုံခြုံ

ရေးအတွက် လက်နက်ကိုင်အဖွဲ့တွေရဲ့ အာမခံချက်တရပ် ဖြစ်စေတယ်လို့ ISP-Myanmar က ယူဆပါတယ်။ ဒါ့အပြင် SAC ဒါမှမဟုတ် တော်လှန်ရေးအဖွဲ့တွေက အဲဒီဒေသမှာ တိုက်ပွဲတွေပြန်စမယ်ဆိုရင် သံတမန်ရေးအရ အရှက်ရစေမယ်ဆိုတဲ့ မမြင်သာဖုံးကွယ်ထားတဲ့ ခြိမ်းခြောက်မှုတွေနဲ့လည်း ရောယှက်နေပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှုထောင့်ကကြည့်ရင် ဒီအပစ်အခတ်ရပ်စဲရေးတွေဟာ အသွင်ကူးပြောင်းရေး မဟုတ်ဘဲ ပဋိပက္ခကို ကန့်သတ်ထိန်းချုပ်ထားခြင်းသာ ဖြစ်နေတာကို တွေ့ရပါတယ်။ NUG၊ PDF ဒါမှမဟုတ် အရပ်ဘက်အဖွဲ့အစည်းတွေကို လုပ်ငန်းစဉ်အတွင်း ပါဝင်လာအောင် ကြိုးပမ်းမှုမရှိတာက Darby နဲ့ Mac Ginty (2003) တို့ရဲ့ အယူအဆဖြစ်တဲ့ 'အင်အားကြီးသူများ ဦးဆောင်သည့်ဖဲကြဉ်ထားမှု' (Elite-driven Exclusion) ကို ထင်ဟပ်နေပါတယ်။ ကိုးကန့်နဲ့ လားရှိုးဒေသမှာရှိတဲ့ စစ်ဘေးရှောင်တွေအတွက် အကြမ်းဖက်မှု လျော့ကျလာတာ၊ အကူအညီရရှိတာစတဲ့ ရေတိုအကျိုးကျေးဇူးတွေ ရှိပါတယ်။ ဒါပေမဲ့ ရေရှည်မှာတော့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးတည်ဆောက်ပုံကို ပိုမိုပြိုကွဲစေပြီး နိုင်ငံအတွင်းက ကိုယ်ပိုင်နိုင်ငံရေးလမ်းပြမြေပုံကို ပျက်ပြားစေတဲ့အပြင် နယ်မြေအရ ပိုင်းခြားကန့်သတ်အုပ်ချုပ်စေတဲ့ သဘောမျိုးလည်း သက်ရောက်စေပါတယ်။

တရုတ်နိုင်ငံဟာ အာဏာသိမ်းမှုအလွန် အပစ်ရပ်သံခင်းတမန်ခင်းမှာ အတက်ကြွဆုံး ပြင်ပအင်အားစုဖြစ်ပေမဲ့ ထိုင်းနဲ့ အိန္ဒိယလို အခြားဒေသတွင်းနိုင်ငံတွေကလည်း သွယ်ဝိုက်တဲ့နည်းတွေနဲ့ ပဋိပက္ခတည်ငြိမ်ရေးကို စိတ်ဝင်တစားရှိခဲ့ကြပါတယ်။ ထိုင်းစစ်တပ်ကျောထောက်နောက်ခံပြုအစိုးရက SAC နဲ့ ကရင်ဒေသမှာရှိတဲ့ လက်နက်ကိုင်အဖွဲ့တွေအကြား ဆက်စပ်ပေးရေးအတွက် တိတ်တဆိတ်ကူညီပေးခဲ့ကြတဲ့ ဥပမာတွေလည်း ရှိပါတယ်။ အထူးသဖြင့် ထိုင်း-မြန်မာနယ်စပ်ဒေသတွေမှာ SAC ထိုးစစ်တွေကြောင့် ကုန်သွယ်ရေးလမ်းကြောင်းတည်ငြိမ်မှုနဲ့ ဒုက္ခသည်ပြဿနာအတွက် ခြိမ်းခြောက်မှုဖြစ်စေခဲ့တဲ့ ကာလတွေမှာ ထိုင်းတာဝန်ရှိသူတွေဘက်က အကူအညီတွေ ပေးအပ်ခဲ့ပါတယ်။

၂၀၂၂ ခုနှစ်မှာ ထိုင်းနိုင်ငံရဲ့ ကြားဝင်ညှိနှိုင်းပေးမှုနဲ့ တာ့ခ်ခရိုင်၊ မဲဆောက်မြို့မှာ SAC နဲ့ DKBA ခွဲထွက်အဖွဲ့တွေကြား အပစ်ရပ်ဆွေးနွေးမှုတွေ ရှိခဲ့ပေမဲ့ ဒီဆွေးနွေးမှုတွေဟာ စနစ်မကျတာ၊ ပွင့်လင်းမြင်သာမှုမရှိတာနဲ့ ရေတိုဖြစ်နေတာ စတာတွေကြောင့် နယ်စပ်ကုန်သွယ်ရေးဂိတ်တွေနဲ့ နီးစပ်ရာမှာ တိုက်ပွဲလျှော့ချရေးအတွက်ပဲ အသုံးဝင်ခဲ့ပါတယ်။ လားရှိုးမိုဒယ်လိုပဲ ဒီကြိုးပမ်းမှုတွေဟာ နိုင်ငံရေးအရ အားလုံးပါဝင်နိုင်မှုထက် နယ်စပ်တည်ငြိမ်ရေးကိုသာ ဦးစားပေးခဲ့ကြပြီး ဖက်ဒရယ်စနစ်တည်ဆောက်ရေးနဲ့ တရားမျှတမှုရရှိရေးအတွက် ထည့်သွင်းစဉ်းစားခြင်း မရှိခဲ့ကြပါဘူး။ တရုတ်ရဲ့ ကြားဝင်စေ့စပ်မှုကြောင့် လားရှိုးမြို့ဟာ

မြန်မာစစ်တပ်လက်ထဲ ပြန်လည်ရောက်ရှိသွားခဲ့ပြီး အပြန်အလှန်အနေနဲ့ စစ်တပ်က MNDAA ကိုးကန့်အဖွဲ့ကို ထိုးစစ်ဆင်တိုက်ခိုက်မှုတွေ ရပ်ဆိုင်းပေးခဲ့ပါတယ်။ ဒီချဉ်းကပ်မှုကို မြန်မာနိုင်ငံရဲ့ 'အချုပ်အခြာအာဏာကို တဆင့်ခံကန်ထရိုက်ပေးခြင်း' ဆိုပြီး ISP-Myanmar က ဖော်ပြခဲ့ပါတယ်။ နိုင်ငံရေးအရ ညှိနှိုင်းဆွေးနွေးမှုတွေမရှိဘဲ ကုန်သွယ်ရေးနဲ့ စီးပွားရေးအခွင့်အလမ်းအတွက် အပစ်ရပ်စဲရေးသက်သက်ကိုသာ စဉ်းစားခဲ့ကြပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ချဉ်းကပ်မှုကတော့ ပိုပြီးသတိထားစောင့်ကြည့်တဲ့ ပုံစံမျိုးဖြစ်ပြီး အိန္ဒိယအရှေ့မြောက်ဒေသမှာရှိတဲ့ နယ်စပ်ဖြတ်ကျော် လက်နက်ကိုင်လှုပ်ရှားမှုတွေကို စိုးရိမ်တာအပေါ် အခြေခံပါတယ်။ နယူးဒေလီဟာ စစ်ကိုင်း-နာဂ နယ်စပ်အနီးမှာရှိတဲ့ လက်နက်ကိုင်အဖွဲ့တွေကို ထိန်းချုပ်နိုင်ရေးအတွက် SAC နဲ့ ဆက်သွယ်မှုကို ထိန်းသိမ်းထားပေမဲ့လည်း ပြောင်ကျကျ ကြားဝင်စေ့စပ်တာမျိုးကိုတော့ ရှောင်ကြဉ်ခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံရေးအရ ဖိနှိပ်မှုတွေအပေါ် အိန္ဒိယရဲ့နှုတ်ဆိတ်နေမှုက SAC ကို ပြစ်ဒဏ်ခတ်ခြင်းကနေ ကင်းလွတ်ခွင့်ရစေသလို ဖြစ်နေစေပြီး အပစ်အခတ်ရပ်စဲရေးကို ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ချိတ်ဆက်ဖို့ ကြိုးပမ်းနေတဲ့ နိုင်ငံတကာရဲ့ကြိုးပမ်းမှုတွေကို အားနည်းစေခဲ့ပါတယ်။ ဒီလိုဒေသတွင်းအခြေအနေတွေက Goh (2008) ရဲ့ 'အထက်-အောက်ဆန့်တဲ့ ဒေသတွင်းအစီအစဉ်' (Hierarchical Regional Order) ကို ထင်ဟပ်နေပါတယ်။ ဒါကတော့ အိမ်နီးချင်းနိုင်ငံတွေက ကိုယ့်ရဲ့နယ်စပ်ဒေသ တည်ငြိမ်ရေးအတွက် တဖက်နိုင်ငံရဲ့ ပြည်တွင်းဖိနှိပ်မှုတွေကို မျက်ကွယ်ပြုသည်းခံတဲ့စနစ် ဖြစ်ပါတယ်။ ဒီအခြေအနေမှာ အပစ်ရပ်သံခင်းတမန်ခင်းဟာ ပဋိပက္ခကို ဖြေရှင်းဖို့ပဲမဟုတ်ဘဲ ပဋိပက္ခကို နေရာရွှေ့ပြောင်းရေး ကိရိယာတခုအဖြစ် သုံးတာမျိုး ဖြစ်လာလေ့ရှိပါတယ်။

ပြင်ပက တွန်းအားပေးပြီး အကျပ်ကိုင်စေ့စပ်ညှိနှိုင်းတဲ့ အပစ်အခတ်ရပ်စဲရေးတွေက မလိုလားအပ်တဲ့ အကျိုးဆက်တွေကို ဖြစ်ပေါ်စေလေ့ရှိပါတယ်။ ပထမအချက်အနေနဲ့ ဒီလိုအပစ်အခတ်ရပ်စဲရေးတွေက မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တော်လှန်ရေးအင်အားစုတွေ၊ အထူးသဖြင့် NUG၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ အခြားဒေသတွေမှာရှိတဲ့ EAO တွေရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ကို ထိခိုက်စေပါတယ်။ တရုတ် ဒါမှမဟုတ် ထိုင်းနိုင်ငံက အသာစီးရမှုကို အသုံးချပြီး အတင်းအကျပ်ပြုလုပ်တဲ့ အပစ်အခတ်ရပ်စဲရေးတွေမှာ ဒေသခံတွေနဲ့ ညှိနှိုင်းတိုင်ပင်မှုမရှိတာကြောင့် နာကြည်းမှုတွေဖြစ်ပေါ်စေပြီး ပြည်တွင်းနဲ့ နိုင်ငံတကာ ငြိမ်းချမ်းရေးဖော်ဆောင်မှုတွေအပေါ် ယုံကြည်မှုပျက်ပြားစေပါတယ်။

ဒုတိယအချက်ကတော့ ဒီအပစ်အခတ်ရပ်စဲရေးတွေကို အသုံးချပြီး SAC က စစ်ရေးအရင်းအမြစ်တွေ ပြန်လည်နေရာချထားဖို့ အခွင့်အရေးရစေပါတယ်။ ဥပမာအနေနဲ့ ၂၀၂၂ ခုနှစ်

နိုဝင်ဘာလအတွင်း ရခိုင်မှာ AA နဲ့ အပစ်ရပ်ပြီးတဲ့နောက် SAC တပ်တွေကို စစ်ကိုင်းတိုင်းဆီ အမြန်ပြောင်းရွှေ့စေခဲ့ပြီး ၂၀၂၄ ခုနှစ် အစောပိုင်းကာလတလျှောက် အဲဒီဒေသမှာ လေကြောင်းတိုက်ခိုက်မှုနဲ့ မြေလှန်စနစ်တွေကို အရှိန်မြှင့်ခဲ့ပါတယ် (Arnold, 2024)။ အကျပ်ကိုင်သံခင်းတမန်ခင်းဟာ ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုတစုံလုံးကို လျှော့ချမပေးတဲ့အပြင် SAC ကို အချို့နေရာတွေမှာ ဗျူဟာမြောက်နားခွင့်ပေးပြီး အခြားနေရာတွေမှာ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခွင့်ရစေခဲ့ပါတယ်။

တတိယအချက်ကတော့ ဒီလိုဒေသတွင်းညှိနှိုင်းမှုကနေရရှိတဲ့ အပစ်ရပ်စဲရေးတွေက တော်လှန်ရေးအဖွဲ့တွေကြား အလျားလိုက် ပူးပေါင်းဆောင်ရွက်မှုကို အားနည်းစေပါတယ်။ MNDAA နဲ့ TNLA တို့က ညီနောင်မဟာမိတ် အဖွဲ့ဝင်တွေအဖြစ် ရှိနေသေးပေမဲ့လည်း တရုတ်နိုင်ငံရဲ့ ကြားဝင်စေ့စပ်မှုကနေတဆင့် မက်လုံးပေးလာတဲ့အခါ ညီနောင်မဟာမိတ်တွေရဲ့ တပ်ပေါင်းစုဗျူဟာထက် ဒေသတွင်းတည်ငြိမ်ရေးကိုပဲ ဦးစားပေးဖို့ ဖိအားတွေနဲ့ ပိုရင်ဆိုင်လာတာကို တွေ့ရပါတယ်။ ဒီအခြေအနေက အတိုက်အခံအုပ်စုတွေကြား ညီညွတ်မှုပြိုကွဲစေပြီး နိုင်ငံရေးအရလမ်းလွဲခြင်း ဒါမှမဟုတ် ဗျူဟာမြောက်သစ္စာဖောက်မှုတွေ ဖြစ်ပေါ်လာနိုင်ခြေကို မြင့်တက်စေပါတယ်။ ဒါဟာ ပြင်ပအင်အားစုတွေရဲ့ လှည့်စားခြယ်လှယ်မှုကနေတဆင့် ဖြစ်ပေါ်လာတဲ့ Horowitz ရဲ့ သွေးခွဲအုပ်ချုပ်ရေးသီအိုရီကို ပြန်လည်ထင်ဟပ်နေပါတယ်။

၂၀၂၆ ခုနှစ် မတ် ၁၅ ရက်မှာ MNDAA တပ်ဖွဲ့တွေက ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်မှာရှိတဲ့ TNLA စခန်းတွေကို တိုက်ခိုက်ခဲ့ပါတယ်။ မိတ်ဖက်အဖွဲ့နှစ်ဖွဲ့ကြား နယ်မြေပိုင်ဆိုင်မှု၊ အုပ်ချုပ်ရေးကိစ္စတွေနဲ့ပတ်သက်လို့ အရင်ကတည်းက အငြင်းပွားမှုရှိနေခဲ့ပြီး 'စစ်ဆင်ရေး ၁၀၂၇'နောက်ပိုင်း နယ်မြေတွေကို ပိုမိုသိမ်းယူနိုင်တဲ့ ကာလတွေမှာ ပိုပြီးတင်းမာလာခဲ့ပါတယ်။ ဒါ့အပြင် MNDAA က နမ့်ခမ်း၊ နမ့်ဖက်ကာ၊ တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါတဲ့ ဂိတ်စခန်းတွေဖြစ်တဲ့ မူဆယ် ၁၀၅ မိုင်နဲ့ ကျင်စန်းကျော့မှာရှိတဲ့ TNLA စခန်း/ဂိတ်တွေကိုလည်း သိမ်းပိုက်ခဲ့ပါတယ်။ တရုတ်နဲ့ SAC တို့က လက်နက်ကိုင်အချင်းချင်း တိုက်ခိုက်နေမှုတွေအပေါ် နှုတ်ဆိတ်နေခဲ့ကြပြီး ညီနောင်မဟာမိတ်သုံးဖွဲ့အကြား အတိအလင်း အတွင်းပဋိပက္ခတိုက်ပွဲတွေ ဖြစ်ပေါ်လာတာပဲ ဖြစ်ပါတယ်။ ရှမ်းမြောက်မှာ MNDAA နဲ့ TNLA တို့အကြား နယ်မြေအငြင်းပွားမှုဟာ ၂၀၂၆ ခုနှစ် မတ်လမှာ သိသိသာသာ အရှိန်မြင့်လာခဲ့ပါတယ်။ အကြောင်းခံကတော့ ကွတ်ခိုင်မြို့နယ်အတွင်း အုပ်ချုပ်ရေးနဲ့ အခွန်ကောက်ခံရေးကိစ္စတွေနဲ့ပတ်သက်လို့ မကျေလည်မှုတွေကနေစတင်ခဲ့တာပါ။ နှစ်ဖွဲ့အကြား ဒေသတွင်းတင်းမာမှုတွေဖြစ်ပွားပြီးနောက် မတ် ၁၄ ရက်မှာ MNDAA ဟာ ဒရုန်း၊ လက်နက်ကြီး စတာတွေနဲ့ တိုက်ခိုက်ထိုးစစ်ဆင်ခဲ့ပြီး ကွတ်ခိုင်မြို့ကို သိမ်းယူခဲ့သလို TNLA တပ်ဖွဲ့ဝင်

- အယောက် ၁၀၀ ဝန်းကျင်ခန့်ကို ဖမ်းဆီးခဲ့ပါတယ်။ ၂၀၂၆ ဧပြီအထိတော့ ကွတ်ခိုင်မြို့ကို MNDAA ဆီ လွှဲပေးလိုက်ရတဲ့ အပစ်ရပ်သဘောတူညီချက်ကြောင့် အခြေအနေတွေဟာ ပြန်လည်တည်ငြိမ်သွားခဲ့ပြီး TNLA ကတော့ နေပြည်တော်က စစ်အစိုးရအသစ်နဲ့ သံတမန်ရေးအရဆက်ဆံတဲ့ ဗျူဟာကို ပြောင်းလဲအသုံးချခဲ့ပါတယ်။

မြန်မာ့အပစ်ရပ်အခင်းအကျင်းမှာ ဒေသတွင်းအင်အားကြီးနိုင်ငံတွေရဲ့ ဩဇာလွှမ်းမိုးမှု ကြီးထွားလာတာက အာဏာရှင်ဆန်တဲ့၊ ပဋိပက္ခဖြစ်ပွားနေတဲ့ နယ်ပယ်တွေမှာတွေ့ရတဲ့ နိုင်ငံတကာငြိမ်းချမ်းရေးတည်ဆောက်မှု စံနှုန်းတွေရဲ့ အကန့်အသတ်ကို ဖော်ပြနေပါတယ်။ အာဆီယံ၊ ကုလသမဂ္ဂနဲ့ အနောက်နိုင်ငံတွေက အားလုံးပါဝင်တဲ့ ဆွေးနွေးမှုတွေကို တောင်းဆိုနေပေမဲ့ ဗျူဟာမြောက်အကျိုးစီးပွားရှိတဲ့ ဒေသတွင်း အင်အားကြီးနိုင်ငံတွေ (အထူးသဖြင့် တရုတ်) က အပစ်ရပ်ရေးကိစ္စတွေမှာ ဒေသန္တရ ကန့်သတ်ထိန်းချုပ်တဲ့အဆင့်ကို လျှော့ချပြောင်းလဲပစ်ခဲ့ပါတယ်။

ငြိမ်းချမ်းရေးဖော်ဆောင်သူတွေအတွက် ဒီအရှိတရားတွေက မူလမျှော်မှန်းချက်တွေကို ပြန်လည်ပြင်ဆင်ဖို့ လိုအပ်ကြောင်း ပြသနေတာပဲဖြစ်ပါတယ်။ အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံရဲ့ အပစ်အခတ်ရပ်စဲရေးတွေက အမျိုးသားအဆင့်မူဘောင်တွေမှာ ဆွေးနွေးတာမဟုတ်တော့ဘဲ ဒေသတွင်း အာဏာစက် ဖြန့်ကြက်ဖွဲ့စည်းတည်ရှိမှုတွေ၊ စီးပွားရေးတွက်ချက်မှုတွေနဲ့ အကျပ်ကိုင် အသာစီးရမှုတွေကနေတဆင့်သာ ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။ နိုင်ငံတကာအသိုက်အဝန်းက ဖိအားပေးမှုတွေ၊ ဒါမှမဟုတ် မက်လုံးပေး စည်းရုံးတာနဲ့ စစ်မှန်တဲ့ ပြည်တွင်းပါဝင်ပတ်သက်သူတွေရဲ့ ပါဝင်မှုမရှိတော့ရင် ဒီအပစ်ရပ်စဲရေးက ငြိမ်းချမ်းရေးဆီ လျှောက်လှမ်းမယ့်လမ်းကြောင်း မဟုတ်တော့ဘဲ ငြိမ်းချမ်းရေးအတွက် အတားအဆီးသာ ဖြစ်သွားနိုင်တဲ့အန္တရာယ် ရှိနေပါတယ်။

## ၂.၄။ Rebel Governance နှင့် နိုင်ငံရေးဆိုင်ရာ အမူအကျင့်များအပေါ် သက်ရောက်မှုများ

မြန်မာနိုင်ငံအတွင်းက တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးဟာ အရပ်သားလူထုနဲ့ သီးခြားကင်းကွာနေတဲ့ အစုအဖွဲ့တွေသက်သက် မဟုတ်ပါဘူး။ KIO၊ KNU၊ AA နဲ့ UWSA တို့လို ဝါရင့် EAO အများအပြားက ကိုယ်ပိုင်ထိန်းချုပ်ရာနယ်မြေတွေမှာ ဝန်ဆောင်မှုပေးတာ၊ အခွန်ကောက်ခံတာနဲ့ တရားဥပဒေစိုးမိုးရေးယန္တရားတွေ တည်ထောင်ဆောင်ရွက်တာစတဲ့ စပ်ကြားအုပ်ချုပ်ရေးယန္တရားတွေကို အကောင်အထည်ဖော်နေကြပါတယ်။ ဒီလို အုပ်ချုပ်ရေးနဲ့လက်နက်ကိုင်မှု ဒွန်တွဲနေတဲ့ အဖွဲ့အစည်းတွေအဖြစ် ရပ်တည်နေကြတာဖြစ်ပါတယ်။

# တရုတ်ကြားဝင်မှုဖြင့် ပြုလုပ်သော ဟိုင်ဂင်ဆွေးနွေးပွဲများ

**ဒီဇင်ဘာ ၇-၁၁၊ ၂၀၂၄**

## ပထမအကြိမ် ဟိုင်ဂင်ဆွေးနွေးပွဲ

**ကြားဝင်စေ့စပ်သူ**
တိန့်ရှီကျွန်း (တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ်)

**SAC**
ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် (NSPNC)

**ညီနောင်မဟာမိတ်သုံးဖွဲ့**
အဆင့်မြင့်ကိုယ်စားလှယ်များ

**ဆွေးနွေးသည့် အဓိကအကြောင်းအရာများ**
အွန်လိုင်းငွေလိမ်လည်မှု နှိမ်နင်းရေးနှင့် နယ်စပ်ကုန်သွယ်ရေး လုံခြုံမှု

**အဓိကရလဒ်များ**
ဒီဇင်ဘာ ၃၀ ရက်အထိ တွေ့ဆုံဆွေးနွေးရန် နှုတ်ကတိသဘောတူညီချက်နှင့် ယာယီအပစ်အခတ်ရပ်စဲရေး

**ဒီဇင်ဘာ ၂၂-၂၄၊ ၂၀၂၄**

## ဒုတိယအကြိမ် ဟိုင်ဂင်ဆွေးနွေးပွဲ

**ကြားဝင်စေ့စပ်သူ**
တိန့်ရှီကျွန်း (တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ်)

**SAC**
ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် (NSPNC)

**ညီနောင်မဟာမိတ်သုံးဖွဲ့**
အဆင့်မြင့်ကိုယ်စားလှယ်များ

**ဆွေးနွေးသည့် အဓိကအကြောင်းအရာများ**
နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပြန်လည်ဖွင့်လှစ်ရေး

**အဓိကရလဒ်များ**
ဆက်သွယ်ဆွေးနွေးမှုလမ်းကြောင်းကို ဆက်လက်ဖွင့်လှစ်ထားရေး

**ဖေဖော်ဝါရီ ၁၀-၁၁၊ ၂၀၂၅**

## တတိယအကြိမ် ဟိုင်ဂင်ဆွေးနွေးပွဲ

**ကြားဝင်စေ့စပ်သူ**
တိန့်ရှီကျွန်း (တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ်)

**SAC**
ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် (NSPNC)

**ညီနောင်မဟာမိတ်သုံးဖွဲ့**
ဗိုလ်ချုပ် ရန်ဝင်ကျိုး
(MNDAA ဒုတိယ စစ်ဦးစီးချုပ်)
ဗိုလ်ချုပ် တားဘုန်းကျော်
(TNLA အထွေထွေအတွင်းရေးမှူးချုပ်)
ဗိုလ်မှူးချုပ် ဒေါက်တာညိုထွန်းအောင်
(ULA/AA ၏ ဒုတိယ စစ်ဦးစီးချုပ်)

**ဆွေးနွေးသည့် အဓိကအကြောင်းအရာများ**
ချက်ချင်း အပစ်အခတ်ရပ်စဲရေး၊ နှစ်ဦးနှစ်ဖက် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ရေး၊ တရုတ်နိုင်ငံသားများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်စောင့်ရှောက်ရေး

**အဓိကရလဒ်များ**
ဟိုင်ဂင်သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းနှင့် အပစ်အခတ်ရပ်စဲရေး (ရခိုင်ဒေသ မပါဝင်)

**မတ် ၁-၃၊ ၂၀၂၅**

## စတုတ္ထအကြိမ် ဟိုင်ဂင်ဆွေးနွေးပွဲ

**ကြားဝင်စေ့စပ်သူ**
တိန့်ရှီကျွန်း (တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ်)

**SAC**
ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် (NSPNC)

**ညီနောင်မဟာမိတ်သုံးဖွဲ့**
ဗိုလ်ချုပ် ရန်ဝင်ကျိုး
(MNDAA ဒုတိယ စစ်ဦးစီးချုပ်)
ဗိုလ်ချုပ် တားဘုန်းကျော်
(TNLA အထွေထွေအတွင်းရေးမှူးချုပ်)
ဗိုလ်မှူးချုပ် ဒေါက်တာညိုထွန်းအောင်
(ULA/AA ၏ ဒုတိယ စစ်ဦးစီးချုပ်)

**ဆွေးနွေးသည့် အဓိကအကြောင်းအရာများ**
ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်ရေး၊ အွန်လိုင်းငွေလိမ်လည်မှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုနှင့် နယ်စပ်ကုန်သွယ်ရေးအပေါ် အခွန်ခွဲဝေမှု

**အဓိကရလဒ်များ**
ဟိုင်ဂင်သဘောတူညီချက်နှင့် အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းထားရန်နှင့် ဝင်ငွေခွဲဝေမှုဆိုင်ရာ ဆွေးနွေးချက်များ၏ အသေးစိတ်အချက်အလက်များကို လျှို့ဝှက်ထားရန်

**မေ ၁၄-၁၆၊ ၂၀၂၅**

## ပဉ္စမအကြိမ် ဟိုင်ဂင်ဆွေးနွေးပွဲ

**ကြားဝင်စေ့စပ်သူ**
တိန့်ရှီကျွန်း (တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ်)

**SAC**
ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် (စစ်ဥပဒေချုပ်)

**ညီနောင်မဟာမိတ်သုံးဖွဲ့**
ဗိုလ်မှူးချုပ် ဖုန်ဝင်းနိုင်
(MNDAA ပြင်ပဆက်ဆံရေးဌာန အကြီးအကဲ)
ဗိုလ်မှူးကြီး တာမိုးဟိန်း (TNLA ၏ မဟာမိတ်ဆက်ဆံရေးနှင့် နိုင်ငံခြားရေးဌာနမှူး)
ဗိုလ်မှူးချုပ် ဒေါက်တာညိုထွန်းအောင်
(ULA/AA ၏ ဒုတိယ စစ်ဦးစီးချုပ်)

**ဆွေးနွေးသည့် အဓိကအကြောင်းအရာများ**
နယ်စပ်ကုန်သွယ်ရေးအပေါ် ဝင်ငွေခွဲဝေမှုနှင့် အရပ်ဘက် အခြေခံအဆောက်အအုံများအပေါ် လေကြောင်းမှ တိုက်ခိုက်မှုများ ရပ်တန့်ရန် ညီနောင်မဟာမိတ်သုံးဖွဲ့၏ တောင်းဆိုချက်များ

**အဓိကရလဒ်များ**
ထူးခြားထင်ရှားသော ရလဒ်တစုံတရာ မထွက်ခဲ့ပါ။

# တရုတ်ကြားဝင်မှုဖြင့် SAC နှင့် EAO များကြား တဖွဲ့ချင်းဆွေးနွေးမှုများ

## ဒီဇင်ဘာ ၁၉၊ ၂၀၂၄

### MNDAA နှင့် တဖွဲ့ချင်းဆွေးနွေးမှု

**ကြားဝင်စေ့စပ်သူ**
တိန့်ရှီကျွန်း (တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ်)

**SAC**
ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး (ကစထ-၁ မှူး)

**MNDAA**
ဦးဖုန်ခွင်း (နိုင်ငံခြားရေးဌာန အကြီးအကဲ)
ဦးလီကျာဝင်း (ပြောရေးဆိုခွင့်ရှိသူ)

**ဆွေးနွေးသည့် အဓိကအကြောင်းအရာများ**
SAC မှ MNDAA အား လားရှိုးမြို့မှ ဆုတ်ခွာပေးရန် တောင်းဆိုခဲ့သော်လည်း MNDAA မှ ငြင်းဆန်ခဲ့ခြင်း၊ လားရှိုးမြို့ ကျဆုံးစဉ်အတွင်း ဖမ်းဆီးရမိခဲ့သော အဆင့်မြင့်အရာရှိကြီးများနှင့် စစ်သည်များကို ပြန်လည်လွှတ်ပေးရန် SAC မှ တောင်းဆိုခြင်း။

**အဓိကရလဒ်များ**
ထူးခြားထင်ရှားသော ရလဒ်တစုံတရာ မထွက်ပေါ်ခဲ့ပါ။

## ဇန်နဝါရီ ၁၆–၁၈၊ ၂၀၂၅

### MNDAA နှင့် တဖွဲ့ချင်းဆွေးနွေးမှု

**ကြားဝင်စေ့စပ်သူ**
တိန့်ရှီကျွန်း (တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ်)

**SAC**
ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး (ကစထ-၁ မှူး)

**MNDAA**
ဦးဖုန်ခွင်း (နိုင်ငံခြားရေးဌာန အကြီးအကဲ)
ဦးလီကျာဝင်း (ပြောရေးဆိုခွင့်ရှိသူ)

**ဆွေးနွေးသည့် အဓိကအကြောင်းအရာများ**
လားရှိုးမြို့မှ MNDAA အဆင့်ဆင့် ဆုတ်ခွာရေး၊ လေကြောင်းမှ တိုက်ခိုက်မှုများ ရပ်တန့်ရေး၊ နယ်စပ်ကုန်သွယ်ရေး ပြန်လည်ဖွင့်လှစ်ရေးနှင့် သံ့ပန်းများ လဲလှယ်ရေး။

**အဓိကရလဒ်များ**
လားရှိုးမြို့မှ MNDAA အဆင့်ဆင့် ဆုတ်ခွာရန်၊ အပစ်အခတ်ရပ်စဲရန်၊ SAC က လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများ အားလုံးကို ရပ်တန့်ရန် ကတိပြုခြင်း၊ တရုတ်နိုင်ငံက အရေးပါသော နယ်စပ်ဂိတ်များကို ချက်ချင်း ပြန်လည်ဖွင့်လှစ်ပေးခြင်း၊ NUG နှင့် PDF များထံမှ လူသိရှင်ကြားလမ်းခွဲရန် MNDAA အပေါ် ဖိအားပေးခြင်း။

## ဖေဖော်ဝါရီ ၁၆–၁၈၊ ၂၀၂၅

### TNLA နှင့် တဖွဲ့ချင်းဆွေးနွေးမှု

**ကြားဝင်စေ့စပ်သူ**
တိန့်ရှီကျွန်း (တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ်)

**SAC**
ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး (ကစထ-၁ မှူး)

**TNLA**
ဒုတိယဗိုလ်ချုပ်ကြီး တာဂျုတ်ဂျား (ဒုတိယဥက္ကဌ-၁၊ ဗဟိုကော်မတီဝင်)
ဗိုလ်ချုပ်ကြီး တာမိုးဟိန်း (နိုင်ငံခြားရေးရာတာဝန်ခံ)

**ဆွေးနွေးသည့် အဓိကအကြောင်းအရာများ**
နမ့်ဆန်နှင့် မန်တုံမြို့များမှလွဲ၍ သိမ်းပိုက်ထားသော မြို့အားလုံးမှ TNLA ဆုတ်ခွာပေးရန် SAC က တောင်းဆိုခဲ့ခြင်း၊ SAC ၏ စစ်ဆင်ရေးများ ရပ်တန့်ပေးရန်နှင့် မိမိတို့ သိမ်းပိုက်ထားသော နယ်မြေများကို "တအာင်းပြည်နယ်"အဖြစ် အသိအမှတ်ပြုပေးရန် TNLA က တောင်းဆိုခဲ့ခြင်း။

**အဓိကရလဒ်များ**
ထူးခြားထင်ရှားသော ရလဒ်တစုံတရာ မထွက်ပေါ်ခဲ့ပါ။

## ဧပြီ ၂၈–၂၉၊ ၂၀၂၅

### TNLA နှင့် တဖွဲ့ချင်းဆွေးနွေးမှု

**ကြားဝင်စေ့စပ်သူ**
တိန့်ရှီကျွန်း (တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ်)

**SAC**
ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး (ကစထ-၁ မှူး)

**TNLA**
ဒုတိယဗိုလ်ချုပ်ကြီး တာဂျုတ်ဂျား (ဒုတိယဥက္ကဌ-၁၊ ဗဟိုကော်မတီဝင်)၊ ဗိုလ်ချုပ်ကြီး တာမိုးဟိန်း (နိုင်ငံခြားရေးရာ တာဝန်ခံ)

**ဆွေးနွေးသည့် အဓိကအကြောင်းအရာများ**
TNLA သိမ်းပိုက်ထားသော နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ မိုးကုတ်နှင့် မိုးမိတ်ကို ပြန်လည်လက်လွှဲပေးရန် SAC က တောင်းဆိုခြင်း။ အဆိုပါတောင်းဆိုချက်ကို TNLA က ငြင်းပယ်ခဲ့ခြင်း။

**အဓိကရလဒ်များ**
ထူးခြားထင်ရှားသော ရလဒ်တစုံတရာ မထွက်ပေါ်ခဲ့ပါ။

## အောက်တိုဘာ ၂၇–၂၈၊ ၂၀၂၅

### TNLA နှင့် တဖွဲ့ချင်းဆွေးနွေးမှု

**ကြားဝင်စေ့စပ်သူ**
တိန့်ရှီကျွန်း (တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ်)

**SAC**
ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး (ကစထ-၁ မှူး)

**TNLA**
ဒုတိယဗိုလ်ချုပ်ကြီး တာဂျုတ်ဂျား (ဒုတိယဥက္ကဌ-၁၊ ဗဟိုကော်မတီဝင်)

**ဆွေးနွေးသည့် အဓိကအကြောင်းအရာများ**
TNLA သိမ်းပိုက်ထားသော မိုးကုတ်နှင့် မိုးမိတ်ကို လက်လွှဲပေးရန် SAC က တောင်းဆိုခြင်း။ လေကြောင်းနှင့် လက်နက်ကြီးတိုက်ခိုက်မှုများကို ရပ်ဆိုင်းရန် TNLA က တောင်းဆိုခြင်း။

**အဓိကရလဒ်များ**
TNLA က မိုးကုတ်နှင့် မိုးမိတ်ကို လက်လွှတ်ပေးခဲ့ပြီး အလဲအလှယ်အနေဖြင့် SAC က မြေပြင်ထိုးစစ်များနှင့် လေကြောင်းတိုက်ခိုက်မှုများကို ရပ်တန့်မည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။

ဒီဖြစ်စဉ်မျိုးကို ဆွေးနွေးရာမှာ Zachariah Mampilly ရဲ့ Rebel Governance မူဘောင် (Rebel Governance Framework, 2001) က လက်နက်ကိုင်အဖွဲ့အစည်းတွေကို စစ်ရေးအဖွဲ့အစည်းတွေ အဖြစ်သာမကဘဲ အရပ်သားလူထုကို စီမံခန့်ခွဲနေတဲ့ နိုင်ငံရေးအာဏာပိုင်တွေအဖြစ်ပါ ဖော်ပြထားပါတယ်။ ဒီအဖွဲ့တွေရဲ့ တရားဝင်မှုဟာ လက်နက်အင်အားပေါ်မှာသာမက တည်ငြိမ်မှု၊ ဝန်ဆောင်မှုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ကို ပေးစွမ်းနိုင်မှုအပေါ်မှာလည်း အခြေခံပါတယ်။ ဒါကြောင့် အပစ်အခတ်ရပ်စဲရေး အစီအစဉ်တွေက ဒီအဖွဲ့တွေရဲ့ ဒေသတွင်းထိန်းချုပ်နိုင်စွမ်းနဲ့ နိုင်ငံရေးအရ ခိုင်မာအားကောင်းစေရေးကို ဦးစားပေးမှာလား၊ ဒါမှမဟုတ် ပိုမိုကျယ်ပြန့်တဲ့ မဟာမိတ်စုဖွဲ့မှုနဲ့ တော်လှန်ရေးရည်မှန်းချက်တွေကို ဆက်လက်လုပ်ဆောင်မှာလားဆိုတဲ့ အချက်အပေါ် လွှမ်းမိုးမှုရှိနေပါတယ်။

အာဏာသိမ်းမှုအလွန်မှာ SAC ဟာ တဖွဲ့ချင်းနဲ့အပစ်ရပ်ရေး အစီအမံတွေကနေတဆင့် ဒီအဖွဲ့အစည်းတွေရဲ့ မက်လုံးကို ပြောင်းလဲပစ်နိုင်ဖို့ ရည်ရွယ်ချက်ရှိရှိ ကြိုးပမ်းလာခဲ့ပါတယ်။ နိုင်ငံအဆင့် တော်လှန်ရေးလှုပ်ရှားမှုတွေမှာ မပါဝင်တော့ဘဲ ခွဲထွက်သွားတဲ့အဖွဲ့တွေအတွက် ဆုလာဘ်အဖြစ် သူတို့ရဲ့ ဒေသန္တရအုပ်ချုပ်ရေးအာဏာကို အသိအမှတ်ပြုပေးပြီး နွေဦးတော်လှန်ရေးနဲ့အတူ ဆက်လက်ရပ်တည်နေတဲ့အဖွဲ့တွေကို အပြစ်ပေးတဲ့ နည်းလမ်းကို ကျင့်သုံးခဲ့ပါတယ်။

SAC ရဲ့ တဖွဲ့ချင်းနဲ့အပစ်ရပ်ရေးဗျူဟာကြောင့် ဖြစ်လာတဲ့ အထင်ရှားဆုံး သက်ရောက်မှုတခုကတော့ EAO တွေက တနိုင်ငံလုံးအတိုင်းအတာနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရတဲ့ တော်လှန်ရေးကနေ ကိုယ့်နယ်မြေထိန်းချုပ်မှု အားကောင်းရေးဆီကို ပြန်လည်ဦးတည်သွားတာ ဖြစ်ပါတယ်။ SAC နဲ့ ဒေသန္တရအဆင့် အပစ်ရပ်လိုက်တာက ကျယ်ပြန့်တဲ့ အုပ်ချုပ်ရေးယန္တရားရှိတဲ့ အဖွဲ့တွေအတွက် ရေတိုလုံခြုံရေးနဲ့ ယန္တရားတွေ ထိရောက်စွာလည်ပတ်နိုင်ရေးအတွက် ထိန်းချုပ်နယ်မြေတွေကို ရရှိစေပါတယ်။ RCSS နဲ့ KPC ကရင်ငြိမ်းချမ်းရေးကောင်စီလို ဖြစ်စဉ်တွေကိုကြည့်ရင် ဒီသဘောတူညီချက်တွေကြောင့် သူတို့ရဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးဇုန်တွေကို ဆက်လက်ထိန်းချုပ်နိုင်ခြင်း၊ နယ်စပ်ကုန်သွယ်ရေး ပြန်စနိုင်ခြင်း၊ လမ်းမကြီးတွေနဲ့ စစ်ဆေးရေးဂိတ်တွေမှာ စစ်တပ်ရဲ့ နှောင့်ယှက်မှုနည်းနည်းနဲ့ အခွန်ကောက်နိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေ ရရှိစေခဲ့ပါတယ်။

ကရင်နဲ့ ရှမ်းပြည်မြောက်ပိုင်းက မြေပြင်အစီရင်ခံစာတွေအရ တဖွဲ့ချင်းအပစ်ရပ်မှုတွေက သက်ဆိုင်ရာဒေသဝန်းကျင်တွေမှာသာ ကွက်ပြီးတည်ငြိမ်တာမျိုး ဖြစ်ပေါ်စေခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီထဲမှာ အချို့ EAO တွေက တနိုင်ငံလုံးအဆင့် တော်လှန်ခုခံမှုမှာမပါဝင်တာကြောင့် သူတို့ရဲ့ ထိန်းချုပ်ဒေသအတွင်း တည်ငြိမ်မှုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ခံစားနေကြ

ရပါတယ်။ ဒီအဖွဲ့တွေက စစ်ရေးအရ လက်တုံ့ပြန်ခံရမှာကိုဖြစ်စေ၊ စီးပွားရေးထိခိုက်မှာကို ဖြစ်စေ ဒါမှမဟုတ် ဒေသတွင်း လူထုရဲ့တုံ့ပြန်မှုကိုဖြစ်စေ စိုးရိမ်ကြတာကြောင့် NUG ကို ပွင့် ပွင့်လင်းလင်းထောက်ခံဖို့ ဒါမှမဟုတ် PDF တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ တုံ့ဆိုင်းနေကြတာ ဖြစ်ပါတယ်။

ဒီအချက်က တော်လှန်ရေးခေါင်းဆောင်တွေအနေနဲ့ တော်လှန်ရေးနဲ့ ဒေသတွင်းအုပ်ချုပ် ရေး လိုအပ်ချက်တွေကို မကြာခဏဆိုသလို ချိန်ညှိနေရတယ်ဆိုတဲ့ Mampilly ရဲ့ လေ့လာ တွေ့ရှိချက်နဲ့ ကိုက်ညီနေပါတယ်။ အရင်းအမြစ်ရှားပါးမှုနဲ့ ပြင်ပထောက်ပံ့မှု ကန့်သတ်ချက် တွေ ရှိနေသေးတဲ့ အခြေအနေမှာ အပစ်ရပ်ပြီး အပေးအယူပြုခြင်းအားဖြင့် ရရှိနိုင်တဲ့ ဒေသတည်ငြိမ်မှုနဲ့ စီးပွားရေးပြန်လည်ဦးမော့လာမှုက ရေရှည်တော်လှန်ရေးနဲ့အတူ ရပ် တည်ရှင်သန်ခြင်းကနေ ရရှိမယ့် မသေချာတဲ့ရလဒ်တွေထက် ပိုဆွဲဆောင်မှုရှိတယ်လို့ ဆို ရပါမယ်။

ဒါပေမဲ့ ဒီလို ကိုယ့်ဒေသကိုပဲရှေးရှုတဲ့ အပြောင်းအလဲဟာ နိုင်ငံရေးအရ ပေးဆပ်ရမှု တန်ဖိုး ကြီးပါတယ်။ နွေဦးတော်လှန်ရေးကို လိုလားတဲ့ ဒေသခံလူထုရှိတဲ့ နယ်မြေတွေမှာ SAC နဲ့ အပစ်ရပ်စဲရေးပြုလုပ်တဲ့ EAO တွေက တရားဝင်မှုဆိုင်ရာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရလေ့ရှိ ပါတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ လူထုအခြေပြုမီဒီယာတွေရဲ့ မှတ်တမ်းတွေအရ SAC နဲ့ အပေးအယူလုပ်သူ ဒါမှမဟုတ် ပူးပေါင်းဆောင်ရွက်သူလို့ ယူဆရတဲ့ EAO ခေါင်း ဆောင်တွေအပေါ် လူထုရဲ့ ဝေဖန်မှု၊ ကန့်ကွက်မှုတွေကြောင့် ဂုဏ်သိက္ခာ ကျဆင်းရတဲ့ သာဓကတွေလည်း ရှိပါတယ်။ ဥပမာအားဖြင့် SAC ကျင်းပတဲ့ အခမ်းအနားတွေမှာ မွန် ပြည်သစ်ပါတီ (NMSP) တက်ရောက်ပါဝင်နေတာကို မွန်ပြည်နယ်ရဲ့ လူထုအသိုက်အဝန်း တချို့က မလိုလားဘဲ ဒီမိုကရေစီလှုပ်ရှားမှုအပေါ် သစ္စာဖောက်မှုအဖြစ် ရှုမြင်ပြီး ကန့်ကွက် ခဲ့ကြပါတယ်။ ကရင် တော်လှန်ရေးအင်အားစုအတွင်းမှာဆိုရင်လည်း ကွဲပြားခြားနားတဲ့ အပစ်ရပ်ရေးဗျူဟာတွေနဲ့ပတ်သက်ပြီး နိုင်ငံရေးအရရော စစ်ရေးအရပါ ထိပ်တိုက်တွေ့ဆုံ မှုတွေ ဖြစ်ခဲ့ပါတယ်။ ရလဒ်အနေနဲ့ အဖွဲ့အချင်းချင်းအကြား တရားဝင်မှုနဲ့ အာဏာပိုင်စိုးမှု အတွက်အားပြိုင်မှုတွေကြောင့် ပြန့်ကျဲနေတဲ့အုပ်ချုပ်မှုဆိုင်ရာအခင်းအကျင်းတွေ ဖြစ်စေ ခဲ့ပါတယ်။

ဒီတင်းမာမှုတွေက အာဏာသိမ်းမှုအလွန်ကာလမှာ EAO တွေ ရင်ဆိုင်နေရတဲ့ နှစ်ဖက် ဖိအားပေးခံရမှု အခြေအနေကို မီးမောင်းထိုးပြနေပါတယ်။ တဖက်မှာ SAC နဲ့ အပစ်ရပ်တာ က တိုက်ပွဲတွေကိုလျှော့ချနိုင်ပြီး လူထုဝန်ဆောင်မှုတွေ ပိုမိုပေးအပ်လာနိုင်ပေမဲ့ အခြား တဖက်မှာတော့ အဲဒီလိုထိတွေ့ဆက်ဆံတာက EAO တွေရဲ့ ရေရှည် နိုင်ငံရေးတရားဝင်မှုကို

ပံ့ပိုးပေးထားတဲ့ အရပ်သားလူထုနဲ့ ကင်းကွာသွားစေနိုင်ပါတယ်။ အထူးသဖြင့် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုက ဖြစ်ပေါ်စေခဲ့တဲ့ တော်လှန်ရေးအခင်းအကျင်းမှာ ဒီအချက်က ပိုပြီးထင်ရှားပါတယ်။

အာဏာမသိမ်းခင်က EAO တွေရဲ့ နယ်မြေအုပ်ချုပ်ရေးယန္တရားတွေကို ပိုမိုကျယ်ပြန့်တဲ့ ဖက်ဒရယ်မူဘောင်အတွင်းမှာ ညှိနှိုင်းဆောင်ရွက်ဖို့ ကြိုးပမ်းမှုတွေလည်း ရှိခဲ့ပါတယ်။ NCA လုပ်ငန်းစဉ်အောက်မှာ ယာယီအုပ်ချုပ်ရေးယန္တရားတွေ၊ EAO တွေရဲ့ ပညာရေးနဲ့ ကျန်းမာရေးစနစ်တွေကို အသိအမှတ်ပြုရေးနဲ့ အာဏာခွဲဝေမှု မိုဒယ်တွေအကြောင်း ဆွေးနွေးခဲ့ကြပါတယ်။ PPST နဲ့ ဆက်စပ်လုပ်ငန်းအဖွဲ့တွေဟာ အပစ်ရပ်စဲရေးစောင့်ကြည့်မှုနဲ့ အုပ်ချုပ်ရေးဆိုင်ရာ သဟဇာတဖြစ်စေမှုကို ချိတ်ဆက်ဖို့အစပြုခဲ့တဲ့ ကြိုးပမ်းမှုတွေဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ SAC ဦးဆောင်တဲ့ တဖွဲ့ချင်းသဘောတူညီချက်တွေဆီကို ကူးပြောင်းသွားတာက ဒီကြိုးပမ်းမှုတွေကို ပြိုလဲစေခဲ့ပါတယ်။ အားလုံးပါဝင်တဲ့ ဆွေးနွေးပွဲတွေ မရှိတော့တာကြောင့် EAO တွေဟာ မတူညီတဲ့ စည်းမျဉ်းတွေနဲ့ နိုင်ငံရေးရပ်တည်ချက်တွေအောက်မှာ သီးခြားစီရပ်တည်ရှင်သန်နေကြရပါတယ်။ တချို့က စစ်တပ်ရဲ့ လက်တွေ့ကျကျ အကာအကွယ်ပေးမှုအောက်မှာရှိနေပြီး တချို့ကတော့ ပြောင်ကျကျ တိုက်ခိုက်ခံနေရပါတယ်။ ဒီလို အစိတ်စိတ်အမြွှာမြွှာဖြစ်နေတဲ့ပတ်ဝန်းကျင်မှာ တော်လှန်ရေးအဖွဲ့တွေရဲ့ အုပ်ချုပ်ရေးစနစ်တွေကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မှု လျော့ကျသွားပြီး အနာဂတ် ဖက်ဒရယ်အုပ်ချုပ်ရေးဆိုင်ရာ ဘုံသဘောတူညီချက် မျှော်မှန်းချက်လည်း အားနည်းသွားခဲ့ရပြီဖြစ်ပါတယ်။

နောက်ဆက်တွဲအနေနဲ့ မြေပြင်မှာကြုံရတဲ့ ဆိုးကျိုးတွေလည်းရှိပါတယ်။ အချို့ EAO တွေအနေနဲ့ NUG က ကျောထောက်နောက်ခံပြုထားတဲ့ ဝန်ဆောင်မှုယန္တရားတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုမရှိတော့တာကြောင့် နွေဦးတော်လှန်ရေးဘက်က ရပ်တည်နေတဲ့ နယ်မြေတွေမှာ လုပ်ကိုင်နေတဲ့ ကျန်းမာရေး၊ ပညာရေး ဝန်ဆောင်မှုပေးသူတွေအတွက် နယ်မြေဖြတ်ကျော် ညှိနှိုင်းဆောင်ရွက်ရေးက ပိုမိုခက်ခဲလာတယ်လို့ ဆိုကြပါတယ်။ ဒါကတော့ SAC ရဲ့ အပစ်ရပ်စဲရေး မက်လုံးတွေကို အသုံးချလှည့်စားမှုကြောင့် လက်နက်ကိုင်အဖွဲ့တွေရဲ့ ဒေသတွင်းအုပ်ချုပ်ရေးနဲ့ နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးဗျူဟာအကြား ဆက်သွယ်မှု ပြတ်တောက်သွားတာကိုထင်ဟပ်နေပါတယ်။ အနှစ်သာရအားဖြင့် SAC ရဲ့ဗျူဟာက EAO တွေကို နိုင်ငံရေးအင်အားစုတွေအဖြစ် တနိုင်ငံလုံးအဆင့် နိုင်ငံရေးမှာမပါဝင်တော့ဘဲ ဒေသတွင်းအေးချမ်းရေးကိုသာ တာဝန်ယူရတဲ့ ပဋိပက္ခစီမံခန့်ခွဲသူတွေအဖြစ် ပြောင်းလဲပစ်ဖို့ ကြိုးစားနေတာပဲဖြစ်ပါတယ်။ ဒီသဘောတရားကို နိုင်ငံရေးဆွေးနွေးမှု၊ ဖက်ဒရယ်စနစ် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသွင်ကူးပြောင်းမှုတွေကို ချန်လှပ်ထားပြီး ဒေသတွင်း

- ငြိမ်းချမ်းရေး ဒါမှမဟုတ် ဒေသတွင်းညှိနှိုင်းဆောင်ရွက်ရေးလို့ဆိုတဲ့ ဝေဝါးတဲ့ စကားလုံးတွေနဲ့ အချို့သော အပစ်အခတ်ရပ်စဲရေးအစီအစဉ်တွေ ပုံဖော်လာတာကို တွေ့မြင်နိုင်ပါတယ်။

ဆိုလိုတာကတော့ rebel governance အုပ်ချုပ်ရေးဟာ ပိုမိုကျယ်ပြန့်ပြီး တနိုင်ငံလုံးနဲ့သက်ဆိုင်တဲ့ နိုင်ငံရေးမျှော်မှန်းချက်တွေနဲ့ ကင်းကွာသွားပြီး သူတို့ရဲ့ အုပ်ချုပ်ရေးကပဲ ရည်မှန်းချက်တခု ဖြစ်လာတာမျိုးပါ။ ရလဒ်အနေနဲ့ အချို့သော EAO တွေဟာ နိုင်ငံရေးအရ အားနည်းသွားတဲ့အတွက် အဖွဲ့အစည်း ဆက်လက်တည်ရှိနေနိုင်သေးပေမဲ့ စစ်အုပ်ချုပ်ရေးရဲ့ လက်ဝေခံလို ဆက်ဆံရေးမျိုးဆီကို ဦးတည်သွားနိုင်တဲ့အန္တရာယ် ရှိနေပါတယ်။ UWSA အဖွဲ့ ဒါမှမဟုတ် RCSS လို အဖွဲ့တွေက အတိုင်းအတာတခုအထိ ဒီလိုအခြေအနေဖြစ်နေပါပြီ။ KNU ဒါမှမဟုတ် KIO လို အခြားအဖွဲ့တွေအတွက်ကတော့ ဒီလမ်းကြောင်းကို တွန်းလှန်ဖို့ စစ်ရေးအရကြံ့ကြံ့ခံနိုင်မှုနဲ့ အတွေးအခေါ်ပိုင်းဆိုင်ရာ ရှင်းလင်းမှုတို့ လိုအပ်ပါတယ်။ ဒါပေမဲ့လည်း SAC ရဲ့ သွေးခွဲအုပ်ချုပ်ရေးနဲ့ ရွေးချယ်ထိတွေ့မှုတွေကြောင့် အခြေအနေက ပိုမိုခက်ခဲလာပါတယ်။ ညှိနှိုင်းပူးပေါင်းမှုရှိတဲ့ rebel governance စနစ်တွေ ပျက်ပြားသွားခြင်းဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်ဖက်ဒရယ်အသွင်ကူးပြောင်းရေးအပေါ် ကြီးမားတဲ့ သက်ရောက်မှုတွေ ရှိစေပါတယ်။ EAO တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ဒီမိုကရေစီလိုလားသူတွေ တချိန်ကကိုင်စွဲခဲ့တဲ့ အောက်ခြေကစတဲ့ ဖက်ဒရယ်ပြည်ထောင်စု မျှော်မှန်းချက်ဟာ ပိုမိုကျယ်ပြန့်တဲ့ နိုင်ငံရေးအပြောင်းအလဲတွေအတွင်း လက်နက်ကိုင်အင်အားစုတွေရဲ့ ညှိနှိုင်းနိုင်စွမ်း၊ ပူးပေါင်းနိုင်စွမ်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးယန္တရားတွေကို ပြုပြင်ပြောင်းလဲနိုင်စွမ်းအပေါ်တွေမှာ တည်မှီနေပါတယ်။ ဒါပေမဲ့ SAC ရဲ့ တဖွဲ့ချင်းနဲ့အပစ်ရပ်စဲရေးမိုဒယ်က ဒီလုပ်ငန်းစဉ်ကို အစိတ်စိတ်အမွှာမွှာဖြစ်စေခဲ့ပြီး ညှိနှိုင်းဆောင်ရွက်မှုမရှိတဲ့ အုပ်ချုပ်ရေးနယ်မြေတွေ၊ အားနည်းတဲ့ နိုင်ငံရေးတရားဝင်မှုနဲ့ ပြိုကွဲနေတဲ့ တော်လှန်ရေးအခင်းအကျင်းကိုပဲ ဦးတည်သွားစေခဲ့ပါတယ်။ အချို့သော EAO တွေက အုပ်ချုပ်ရေးလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်နိုင်ပေမဲ့ ဘုံတော်လှန်ရေး၊ ပူးတွဲညှိနှိုင်းမှုနဲ့ အားလုံးပါဝင်တဲ့ ဆွေးနွေးမှုဆိုင်ရာ မူဘောင်သစ်တွေကို ပြန်လည်မတည်ဆောက်နိုင်ဘူးဆိုရင် နိုင်ငံရေးအပြောင်းအလဲကို ဖော်ဆောင်မယ့် EAO တွေရဲ့အခန်းကဏ္ဍက မှေးမှိန်သွားနိုင်တဲ့ အန္တရာယ် ရှိနေပါတယ်။

## ၂.၅။ တကွဲတပြားဖြစ်မှုဆီသို့ ဦးတည်ခြင်း

အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံရဲ့ အပစ်ရပ်စဲရေးဗျူဟာတွေ ဖြစ်ပေါ်ပြောင်းလဲလာပုံကို ကြည့်လိုက်ရင် အားလုံးပါဝင်တဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုကနေ ဗျူဟာမြောက် ပဋိပက္ခ

စီမံခန့်ခွဲမှုဆီ သိသိသာသာ ကူးပြောင်းသွားတာကို တွေ့ရပါတယ်။ NCA ကို သဘောတူချုပ်ဆိုနိုင်ခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အားလုံးပါဝင်မှု၊ အဆင့်လိုက်ချိတ်ဆက်ဆောင်ရွက်မှု၊ ဖက်ဒရယ်စနစ်နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ အပါအဝင် ရေရှည်ပြုပြင်ပြောင်းလဲရေး ရည်မှန်းချက်တွေအပေါ် အခြေခံခဲ့ပါတယ်။ ဒါပေမဲ့ SAC ဟာ အဲဒီ ဖွဲ့စည်းတည်ဆောက်ပုံတွေကို တမင်တကာဖျက်သိမ်းခဲ့ပြီး နိုင်ငံရေးမျှော်မှန်းချက်ကင်းမဲ့တဲ့အပြင် သီးခြားစီဖြစ်နေတဲ့ နှစ်ဖက်အပေးအယူ သက်သက်အပေါ်အခြေခံတဲ့ တဖွဲ့ချင်းနဲ့သဘောတူညီချက်တွေကိုပဲ ရယူဖို့ ကြိုးပမ်းခဲ့ပါတယ်။ လက်ရှိ မြန်မာ့ပဋိပက္ခနဲ့ ငြိမ်းချမ်းရေးအခင်းအကျင်းပုံစံက အပစ်အခတ်ရပ်စဲရေးတွေကို စစ်ရေးအရ အဆင်ပြေစေဖို့နဲ့ နိုင်ငံရေးအရ ထိန်းချုပ်မှုရရှိဖို့အတွက် အသုံးချခံပဲ ဖြစ်ပါတယ်။ SAC ဟာ နှစ်ရှည်လများဖြစ်ပွားနေတဲ့ ပြည်တွင်းစစ်ရဲ့ အခြေခံအကြောင်းရင်းတွေကို မဖြေရှင်းဘဲ တော်လှန်ရေးအင်အားစုတွေကို စီမံခန့်ခွဲရေးအတွက် တဖွဲ့ချင်းစီနဲ့ အပစ်အခတ်ရပ်စဲရေးတွေကို အသုံးချနေတာဖြစ်ပါတယ်။ဒီအခြေအနေဟာတွေ့ဆုံဆွေးနွေးညှိနှိုင်းမှုအစား အစိတ်စိတ်အမြွှာမြွှာခွဲထုတ်ရေးကိုသာ အဓိကဗျူဟာအဖြစ် အစားထိုးအသုံးပြုတယ်ဆိုတဲ့ Horowitz ရဲ့ သွေးခွဲအုပ်ချုပ်ရေးသီအိုရီနဲ့ ကိုက်ညီနေပါတယ်။ ဒါဟာ SAC ကို အသာစီးရစေတဲ့မဟာဗျူဟာဖြစ်ပါတယ်။

SAC ရဲ့ ထိတွေ့ဆက်ဆံမှုပုံစံဟာ မတည်ငြိမ်မှု၊ အားနည်းတဲ့တရားဝင်မှုနဲ့ နိုင်ငံရဲ့ စွမ်းဆောင်ရည်ကျဆင်းနေတဲ့အချိန်မှာ အသက်ရှင်သန်ရေးကိုပဲ ဦးစားပေးတဲ့အသွင်ဆောင်ပါတယ်။ အချို့ EAO တွေနဲ့ ညှိနှိုင်းပြီး အခြားအဖွဲ့တွေကို (အထူးသဖြင့် NUG၊ PDF တွေနဲ့ ရပ်တည်တိုက်ပွဲဝင်နေသူတွေကို) ဖဲကြဉ်ထားခြင်းဖြင့် SAC ဟာ တော်လှန်ရေးအင်အားစုတွေရဲ့ စုပေါင်းညှိနှိုင်းနိုင်စွမ်းကို ဖျက်ဆီးနိုင်ခဲ့ပါတယ်။ ဒါဟာ ၁၉၉၀ ပြည့်လွန်နှစ်တွေတုန်းက နဝတအစိုးရကျင့်သုံးခဲ့တဲ့ နည်းဗျူဟာတွေကို ပြန်လည်အသက်သွင်းတာဖြစ်ပြီး အဲဒီကာလက နှစ်ဖက်အပစ်ရပ်မှုတွေဟာ ပဋိပက္ခဖြစ်ပွားစေခဲ့တဲ့ အကြောင်းရင်းတွေကို မဖြေရှင်းခဲ့ဘဲ ပဋိပက္ခကို ထိန်းချုပ်ရုံ၊ ကန့်သတ်ရုံပဲ လုပ်ခဲ့တယ်လို့ ဆိုရပါမယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရေးအတွက် ဆွေးနွေးဖို့ EAO အချို့ကို SAC က ဖိတ်ခေါ်ခဲ့ပေမဲ့ လက်နက်ကိုင်အဖွဲ့တွေအတွက် နိုင်ငံရေးမက်လုံးနည်းသလို ယုံကြည်စိတ်ချရမှုကလည်း မရှိသလောက်ပါပဲ။ အခြားတဖက်မှာတော့ အတိုက်အခံအင်အားစုတွေ ပြိုကွဲသွားခဲ့ပြီး ဘုံနိုင်ငံရေးမျက်နှာစာတခုကို မဖော်ဆောင်နိုင်တော့တဲ့အပြင် နိုင်ငံတကာအသိုက်အဝန်းနဲ့လည်း ဘုံပလက်ဖောင်းတခုကနေ ချိတ်ဆက်နိုင်စွမ်း မရှိတော့ပါဘူး။

အထက်မှာ အသေးစိတ်ဖော်ပြခဲ့တဲ့အတိုင်း အထူးသဖြင့် တရုတ်နိုင်ငံကကျင့်သုံးတဲ့ အကျပ်ကိုင်သံခင်းတမန်ခင်းဟာ ဒီလို အစိတ်စိတ်အမြွှာမြွှာဖြစ်ခြင်းကို ပိုမိုခိုင်မာစေခဲ့ပါတယ်။

ဒေသတွင်း အင်အားကြီးနိုင်ငံတွေက အားလုံးပါဝင်တဲ့ညှိနှိုင်းမှုတွေဖြစ်ပေါ်လာဖို့ ဖိအားပေးရမှာဖြစ်ပေမဲ့ နယ်စပ်တည်ငြိမ်ရေးနဲ့ ဗျူဟာကျတဲ့ စီးပွားရေး အခြေခံအဆောက်အအုံဆိုင်ရာ အကျိုးစီးပွားတွေကိုပဲ ရှေးရှုတဲ့ အပစ်အခတ်ရပ်စဲရေးတွေ ဖြစ်ပေါ်လာရေးအတွက် သူတို့ရဲ့သြဇာကိုအသုံးပြုပြီး ပဋိပက္ခယာယီရွှေ့ဆိုင်းထားနိုင်ရေးကိုပဲ အာရုံစိုက်ခဲ့ကြပါတယ်။ အထူးသဖြင့် 'လားရှိုးမိုဒယ်' အပစ်အခတ်ရပ်စဲရေးတွေဟာ SAC ကို စစ်အင်အား ပြန်လည်ဖြည့်တင်းရေး၊ နယ်မြေထိန်းချုပ်မှုခိုင်မာစေရေးနဲ့ စစ်ကိုင်းနဲ့ မကွေးလို ဒေသတွေမှာရှိတဲ့ တော်လှန်ရေးအင်အားစုတွေကို နှိမ်နင်းဖို့အတွက် အခွင့်အလမ်းတွေပေးခဲ့ပါတယ်။ မြန်မာ့ပြည်တွင်းစစ်ဟာ ပြည်တွင်းဖြစ် ဒါမှမဟုတ် နိုင်ငံတကာကထောက်ခံတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြောင့် လည်ပတ်နေတာမဟုတ်ဘဲ အင်အားကြီး အိမ်နီးချင်းနိုင်ငံတွေရဲ့ စွက်ဖက်ပုံသွင်းခြင်းကိုခံနေရတဲ့ ပဋိပက္ခစီမံခန့်ခွဲမှုတခုဖြစ်လာနေပါတယ်။ ဒေသတွင်း အင်အားကြီးနိုင်ငံတွေအကြား ညှိနှိုင်းဆောင်ရွက်မှုကင်းမဲ့ခြင်းဟာ ကုလသမဂ္ဂနဲ့ အာဆီယံရဲ့မူဘောင်တွေကို ပိုမိုအားနည်းစေခဲ့ပြီး မြန်မာ့ပြည်တွင်းရေးမှာ ပါဝင်ပတ်သက်သူတွေကို ပိုမို တသီးတခြားစီ ဖြစ်စေခဲ့ပါတယ်။ ဒီအခြေအနေတွေဟာ Mearsheimer ရဲ့ ဒေသတွင်းသြဇာလွှမ်းမိုးခြယ်လှယ်မှုသီအိုရီကို အတည်ပြုပေးနေပါတယ်။

ဒါ့အပြင် အပစ်အခတ်ရပ်စဲရေးနဲ့ပတ်သက်တဲ့ အခြေအနေတွေကလည်း EAO တွေရဲ့ အုပ်ချုပ်ရေးပုံစံကိုလည်း ပြောင်းလဲစေပါတယ်။ တချိန်က စစ်ရေးအင်အားစုရော နိုင်ငံရေးကိုယ်စားလှယ်တွေအဖြစ်ပါ နှစ်မျိုးတွဲအခန်းကဏ္ဍမှာ ပါဝင်ခဲ့တဲ့ အဖွဲ့အစည်းတွေဟာ အခုအခါမှာတော့ သက်ဆိုင်ရာထိန်းချုပ်နယ်မြေကို စီမံအုပ်ချုပ်သူတွေသာသာအဆင့်ကို လျှော့ကျသွားခဲ့ပါပြီ။ တဖွဲ့ချင်းစီအပစ်ရပ်မှုတွေဟာ ရေတိုတည်ငြိမ်မှုကို ပေးစွမ်းနိုင်ပေမဲ့ တနိုင်ငံလုံးအတိုင်းအတာအားဖြင့် အုပ်ချုပ်ရေးယန္တရား အသွင်ကူးပြောင်းရေးနဲ့ ကင်းကွာသွားစေပါတယ်။ ဒါက ကိုယ့်ရဲ့ လူထုနဲ့ အဖွဲ့အစည်းတွေကို ကာကွယ်လိုတဲ့ EAO တွေအနေနဲ့ SAC ကလိုလားတဲ့ ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ အမြဲတစေခြိမ်းခြောက်ခံနေရတဲ့ နိုင်ငံအဆင့်တော်လှန်ရေးဆိုတဲ့ လမ်းနှစ်သွယ်ထဲကနေ တခုခုကို ဗျူဟာမြောက်ရွေးချယ်ရတဲ့ အနေအထားကို ရောက်စေခဲ့ပါတယ်။ အရပ်သားတချို့က တည်ငြိမ်မှုကို ကြိုဆိုကြပေမဲ့ အခြားသူတွေကတော့ SAC နဲ့ထိတွေ့မှုကို သစ္စာဖောက်မှုအဖြစ် ရှုမြင်ကြတာကြောင့် အပစ်ရပ်လမ်းစဉ် လျှောက်လှမ်းနေတဲ့ အဖွဲ့တွေအတွက် လူထုထောက်ခံမှုနဲ့ တရားဝင်ဖြစ်မှုဟာ တိုက်စားခံခဲ့ရပါတယ်။ လူထုရဲ့မျှော်မှန်းချက်တွေကလည်း တင်းမာမှုကို ပိုမိုပြင်းထန်စေပါတယ်။ အသားတင်ရလဒ်ကတော့ လက်နက်ကိုင်တော်လှန်ရေးရော နိုင်ငံရေးအရ တော်လှန်မှုယန္တရားတွေပါ အားနည်းသွားတဲ့အပြင် အတိုက်အခံတွေကို နိုင်ငံရေးအရ လိုက်လျောမှုကိုတောင်မပေးဘဲ ဖရိုဖရဲဖြစ်အောင်လုပ်မယ့် SAC ရဲ့ အဓိကရည်မှန်းချက်ကို အထောက်အကူဖြစ်စေပါတယ်။ လက်ရှိ အပစ်ရပ်သဘောတူညီချက်တွေမှာ

- အင်စတီကျူးရှင်းဆိုင်ရာ အခြေခံအုတ်မြစ်တွေ မပါဝင်ပါဘူး။ စောင့်ကြည့်ရေးယန္တရားတွေ၊ အဆင့်လိုက် လမ်းပြမြေပုံတွေ ဒါမှမဟုတ် စည်းကြပ်ပေးမယ့် ပြဋ္ဌာန်းချက်တွေလည်း မပါဝင်ပါဘူး။ သဘောတူညီချက်တွေဟာ အများအားဖြင့် နှုတ်ကတိတွေပဲဖြစ်ပြီး မှတ်တမ်းမှတ်ရာအားနည်းတဲ့အပြင် လူထုမျက်ကွယ်မှာ ဖြစ်ပေါ်ခဲ့တဲ့ သဘောတူညီမှုတွေသာ ဖြစ်ပါတယ်။ ဒါတွေကို အရင်က NCA မှာ သဘောတူထားတဲ့ ကတိကဝတ်တွေနဲ့လည်း ချိတ်ဆက်ထားခြင်းမရှိသလို အရပ်ဘက်အဖွဲ့အစည်းပါဝင်မှုလည်း မရှိပါဘူး။ ဒါ့အပြင် NUG ဒါမှမဟုတ် လွှတ်တော်လို နိုင်ငံရေး ပါဝင်ပတ်သက်သူတွေနဲ့လည်း ဆက်နွှယ်မှုမရှိတာကို တွေ့ရပါတယ်။

ဒီလိုအားနည်းချက်တွေကြောင့် ဖြစ်ပေါ်လာတဲ့ အဓိကသက်ရောက်မှု နှစ်ခုရှိပါတယ်။ ပထမအချက်ကတော့ ရှေ့မတိုးသာ နောက်မဆုတ်သာ အထိနာတဲ့အခြေအနေ (mutually hurting stalemate) မရှိဘဲ ပြုလုပ်တဲ့ အပစ်အခတ်ရပ်စဲရေးတွေဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဖြစ် အသွင်မကူးပြောင်းနိုင်ဘဲ စစ်အုပ်စုကိုအကျိုးပြုတဲ့ အသုံးချခံ အလွယ်တကူဖြစ်နိုင်တယ်ဆိုတဲ့ Zartman ရဲ့ သတိပေးချက်ကို အတည်ပြုပေးနေပါတယ်။ ဒုတိယအချက်ကတော့ ဒီသဘောတူညီချက်တွေဟာ အစကတည်းက နုနယ်ပြီး ပြိုလဲလွယ်တယ်၊ သိမ်းသွင်းဖြားယောင်းခံရလွယ်တယ်၊ အလွဲသုံးစားလုပ်ခံရဖို့ လွယ်ကူပါတယ်။ ဒီအပစ်ရပ်စဲရေးတွေဟာ အသွင်ကူးပြောင်းရေးကို ဖော်ဆောင်မယ့်အစား SAC အတွက် စစ်ရေးအရ အင်အားပြန်စုရေး၊ တပ်ပြန်လည်နေရာချရေးနဲ့ စစ်မြေပြင်ကို လှည့်စားခြယ်လှယ်ရေးအတွက် အသုံးပြုတဲ့ ဗျူဟာမြောက်နားနေခွင့်တွေကိုပဲ ဖြစ်လာစေခဲ့ပါတယ်။

အချုပ်ဆိုရရင် မြန်မာနိုင်ငံရဲ့အပစ်ရပ်ရေးအခင်းအကျင်းဟာ မပြည့်စုံခဲ့ပေမဲ့ မျှော်လင့်ချက်ရှိခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကနေ အာဏာရှင်ပဋိပက္ခစီမံခန့်ခွဲမှု မိုဒယ်အဖြစ်ကို ကူးပြောင်းသွားခဲ့ပါတယ်။ ဒါက ညှိနှိုင်းဆွေးနွေးမှုကို နိုင်ငံရေးအရအဖြေရှာမှုကနေ ခွဲထုတ်ပြီး သွေးခွဲရေးနဲ့ ထိန်းချုပ်ရေးအတွက် ကိရိယာတခုအဖြစ် အသုံးချခဲ့လို့ဖြစ်ပါတယ်။ ဒီမိုဒယ်ဟာ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဆုတ်ယုတ်မှုတခုသာမဟုတ်ဘဲ ဖက်ဒရယ်စနစ်၊ ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ အမျိုးသားညီညွတ်ရေး မျှော်မှန်းချက်တွေအတွက် ရေရှည်ခြိမ်းခြောက်မှုတခုလည်း ဖြစ်ပါတယ်။ အခုရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုဟာ ဆွေးနွေးပွဲတွေကို ပြန်လည်အသက်သွင်းရေးသာမကဘဲ အားလုံးပါဝင်တဲ့ ငြိမ်းချမ်းရေးဆိုင်ရာ အယူအဆကို ပြန်လည်အသက်ဝင်လာစေရေး၊ အုပ်ချုပ်ရေးယန္တရားကို တော်လှန်ရေးနဲ့ ပြန်လည်ချိတ်ဆက်ရေး၊ ပဋိပက္ခကို နိုင်ငံရေးကိရိယာအဖြစ် ပုံမှန်အခြေအနေသဖွယ် အသုံးချနေမှုကို တွန်းလှန်ရေးတို့ပဲ ဖြစ်ပါတယ်။

# ၃။ နိဂုံး

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံရဲ့ အပစ်အခတ်ရပ်စဲရေး အခင်းအကျင်းဟာ ပဋိပက္ခမှာ ပါဝင်ပတ်သက်သူ အများအပြားပါဝင်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကနေ အာဏာရှင်ဆန်တဲ့ပဋိပက္ခစီမံခန့်ခွဲမှုပုံစံဆီကို အသွင်ပြောင်းလာခဲ့ပြီ ဖြစ်ပါတယ်။ စစ်အာဏာမသိမ်းခင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ပြီးပြည့်စုံမှုမရှိပေမဲ့ နိုင်ငံရေးအသွင်ကူးပြောင်းမှုအတွက် မျှော်လင့်ချက်ရှိခဲ့တဲ့ လုပ်ငန်းစဉ်တခုဖြစ်ပါတယ်။ SAC ဟာ NCA သဘောတူညီချက်တွေမှာပါတဲ့ အားလုံးပါဝင်ရေး မူဘောင်တွေကို ဗျူဟာမြောက်စွန့်လွှတ်ခဲ့ပြီး အဲဒီအစား တသီးတခြားစီဖြစ်နေတဲ့ တဖွဲ့ချင်းစီနဲ့ အပစ်ရပ်ရေးချဉ်းကပ်မှုတွေနဲ့ အစားထိုးခဲ့ပါတယ်။ ဒီမိုဒယ်ဟာ နိုင်ငံရေးအရအဖြေရှာဖို့၊ ဖက်ဒရယ်အသွင်ကူးပြောင်းမှုကိုဖော်ဆောင်ဖို့ ရည်ရွယ်တာမဟုတ်ဘဲ တော်လှန်ရေးအင်အားစုတွေကို သွေးခွဲရေး၊ စစ်မြေပြင်ရှိ ခြိမ်းခြောက်မှုတွေကို လျှော့ချရေးနဲ့ စစ်အုပ်ချုပ်ရေးကို ဆက်လက်ထိန်းသိမ်းရေးအတွက် နည်းဗျူဟာမြောက်ချဉ်းကပ်မှု တခုအဖြစ်ပဲ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒီဆန်းစစ်ချက်ရဲ့ အခန်းအသီးသီးမှာ တင်ပြခဲ့တဲ့ အထောက်အထားတွေအရ SAC ရဲ့ တဖွဲ့ချင်းစီနဲ့အပစ်ရပ်ရေး သဘောတူညီချက်တွေဟာ ဖွဲ့စည်းတည်ဆောက်ပုံအရ မူလရည်ရွယ်ချက်တွေကနေ ဖယ်ခွာသွားတာ၊ လုပ်ထုံးလုပ်နည်းအရ ပွင့်လင်းမြင်သာမှုမရှိတာ၊ နိုင်ငံရေးအရ အနှစ်သာရကင်းမဲ့တာစတာတွေနဲ့ ပြည့်နှက်နေပါတယ်။ ဒီသဘောတူညီမှုတွေဟာ မြန်မာ့ပဋိပက္ခမှာ အဓိကကျတဲ့ အဖွဲ့အစည်းတွေဖြစ်တဲ့ NUG၊ PDF တွေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကို ပဋိပက္ခဖြေရှင်းရေးအတွက် အရေးပါတဲ့ အခန်းကဏ္ဍတွေကနေ စနစ်တကျ ဖယ်ထုတ်ထားပါတယ်။ အဲဒီအစား အပစ်ရပ်စဲရေးတွေကို ပထဝီအနေအထားနဲ့ ဗျူဟာမြောက်အဆင်ပြေမှုအပေါ် အခြေခံကာ EAO တဖွဲ့ချင်းစီကို ဦးတည်ရွေးချယ်ပြီး ညှိနှိုင်းဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ ဒီသွေးခွဲအုပ်ချုပ်ရေးဗျူဟာက အတိုက်အခံအင်အားစုတွေကို ပြိုကွဲစေခဲ့သလို စုပေါင်းညှိနှိုင်းရေးပလက်ဖောင်းတွေကိုလည်း ပျက်စီး

စေခဲ့ပါတယ်။ ပိုမိုကျယ်ပြန့်တဲ့ တော်လှန်ရေးလှုပ်ရှားမှုတွေရဲ့ ဟန်ချက်ညီမှုကိုပါ အားနည်းစေခဲ့တာမျိုးပါ။ ဒါ့အပြင် ဒီဗျူဟာက တရုတ်နိုင်ငံလို ဒေသတွင်းအင်အားကြီးနိုင်ငံတွေကို သူတို့ရဲ့ ပထဝီနိုင်ငံရေးအရ ဗျူဟာမြောက်အကျိုးစီးပွားတွေအတွက် အကျပ်ကိုင်သံခင်းတမန်ခင်းကို ကျင့်သုံးလာစေဖို့ အခွင့်အရေးရစေခဲ့ပြီး၊ ပဋိပက္ခကို အသွင်ကူးပြောင်းရေးထက် ပဋိပက္ခကို ထိန်းချုပ်တဲ့ပုံစံကို ပိုမိုခိုင်မာလာစေပါတယ်။ ဒီအခြေအနေမှာ အပစ်အခတ်ရပ်စဲရေး အစီအစဉ်တွေဟာ ငြိမ်းချမ်းရေးဆီကို ဦးတည်တာထက် စစ်အင်အား ပြန်လည်ဖြည့်တင်းရေး၊ ဒေသခံအင်အားစုတွေကို သိမ်းသွင်းရေးနဲ့ တော်လှန်ရေးအင်အားစုတွေကို တသီးတခြားဖြစ်စေရေးတို့အတွက် ရည်ရွယ်တဲ့ စစ်ရေးအရ ခေတ္တအနားရမှုအတွက်ပဲ ဖြစ်နေပါတယ်။ တချိန်တည်းမှာပဲ SAC ရဲ့ အပစ်ရပ်မိုဒယ်ဟာ EAO တွေရဲ့ အဖွဲ့တွင်းဆိုင်ရာ အပြုအမူတွေကို ပြောင်းလဲစေခဲ့ပြီး ဗျူဟာမြောက်အပေးအယူလုပ်မှုတွေအောက်မှာ အမျိုးသားအဆင့် တော်လှန်ရေးကနေ ဒေသန္တရအဆင့် အုပ်ချုပ်ရေးဆီကို ဦးတည်သွားစေဖို့ တွန်းအားပေးနိုင်ခဲ့ပါတယ်။ ဒီဖြစ်ပေါ်တိုးတက်မှုဟာ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုရဲ့ နိုင်ငံရေးပါဝင်ပတ်သက်သူတွေဖြစ်တဲ့ လက်နက်ကိုင်အင်အားစုတွေအနေနဲ့ အမျိုးသားအဆင့် ဆုံးဖြတ်ချက်ချမှတ်မှုအခန်းကဏ္ဍမှာ ပါဝင်မှုမရှိဘဲ ပဋိပက္ခဇုန်တွေကိုပဲ စီမံခန့်ခွဲရတဲ့ တဆင့်ခံအုပ်ချုပ်သူတွေအဖြစ်ကို အသွင်ပြောင်းသွားစေမယ့် အန္တရာယ်ရှိနေပါတယ်။ Rebel Governance တွေအနေနဲ့ အစိတ်စိတ်အမြွှာမြွှာပိုဖြစ်လာပြီး တနိုင်ငံလုံးအဆင့် အသွင်ကူးပြောင်းရေးကနေ ကင်းကွာသွားတာနဲ့အမျှ ဟန်ချက်ညီတဲ့ ဖက်ဒရယ်အဖြေရှာနိုင်မှု အလားအလာကလည်း ပိုမိုဝေးကွာသွားမှာပဲ ဖြစ်ပါတယ်။

အချုပ်ဆိုရရင် အာဏာသိမ်းမှုအလွန် SAC ရဲ့ အပစ်ရပ်ဗျူဟာက မြန်မာနိုင်ငံကို နိုင်ငံရေးအရအဖြေရှာတဲ့ လုပ်ငန်းစဉ်ကနေ သွေဖည်စေပြီး လုံခြုံရေးကိုပဲဗဟိုပြုတဲ့ အာဏာရှင်ဆန်တဲ့ ပဋိပက္ခစီမံခန့်ခွဲမှုပုံစံဆီကို ဦးတည်သွားစေခဲ့ပါတယ်။ စနစ်တကျ ပြုပြင်ပြောင်းလဲမှုတွေ၊ အားလုံးပါဝင်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေနဲ့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးမူဘောင်ကို ပြန်လည်ရရှိရေး နိုင်ငံတကာရဲ့ဖိအားပေးမှုတွေ မရှိဘူးဆိုရင် ဒီအပစ်အခတ်ရပ်စဲရေးတွေက နိုင်ငံရေးအရ ဖဲကြိုးထားမှုတွေကို ပိုမိုနက်ရှိုင်းစေပြီး လက်နက်ကိုင်တော်လှန်ရေးကို ရှည်ကြာစေမယ့်အပြင် အာဏာရှင်စနစ်ကိုပဲ အမြစ်တွယ်စေပါလိမ့်မယ်။ ဖက်ဒရယ်နဲ့ ဒီမိုကရေစီအနာဂတ်ဆီကို ဦးတည်တဲ့ အရှိန်အဟုန်ကို ပြန်လည်တည်ဆောက်ဖို့အတွက် ဆွေးနွေးပွဲတွေကို ပြန်လည်အသက်သွင်းရေးတင်မကဘဲ၊ အားလုံးပါဝင်နိုင်မှု၊ နိုင်ငံရေးတရားဝင်မှုနဲ့ ဘုံအသွင်ကူးပြောင်းရေးတွေကို ဗဟိုပြုတဲ့ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပုံစံတခုလုံးကို ပြန်လည်ပြင်ဆင်ဖို့ လိုအပ်ပါလိမ့်မယ်။ ■

# ကိုးကားချက်များ


Arnold, M. B. (2024). *Patterns of Myanmar military conduct in Sagaing region* (Policy Brief Series No. 150). Brussels, Belgium: Torkel Opsahl Academic EPublisher.

Aung Thu Nyein. (2020). International actors in Myanmar's peace process. ISP-Myanmar. Retrieved from https://ispmyanmar.com/wp-content/uploads/2020/12/International-actors-ENG-ISP-Myanmar-Research-Paper-Final2123020.

Bünte, M., & Dressel, B. (Eds.). (2016). *Politics and constitutions in Southeast Asia.* London, England: Routledge.

Darby, J., & Mac Ginty, R. (2003). *Contemporary peacemaking: Conflict, violence and peace processes.* Palgrave Macmillan.

George, A. L. (1991). *Forceful persuasion: Coercive diplomacy as an alternative to war.* Washington, DC: United States Institute of Peace Press.

Goh, E. (2008). Great powers and hierarchical order in Southeast Asia: Analyzing regional security strategies. *International Security, 32*(3), 113–157.

Horowitz, D. L. (1985). *Ethnic groups in conflict.* Berkeley, CA: University of California Press.

ISP-Myanmar. (2025a, February). *Revolution on the fence.* ISP Column Series. Retrieved from https://ispmyanmar.com/revolution-on-the-fence/

ISP-Myanmar. (2025b). *O' Northern Road: Subcontracting sovereignty.* OnPoint Briefing Series. Retrieved from https://ispmyanmar.com/op-24/

Karen Human Rights Group. (2023, August). *Ongoing attacks and civilian displacement in eastern Myanmar.*

Mampilly, Z. C. (2011). *Rebel rulers: Insurgent governance and civilian life during war.* Ithaca, NY: Cornell University Press.

Mearsheimer, J. J. (2001). *The tragedy of Great Power politics.* New York, NY: W.W. Norton & Company.

United Nations Office for the Coordination of Humanitarian Affairs. (2023). Myanmar humanitarian update no. 26. Retrieved from https://myanmar.un.org/en/217948-myanmar-humanitarian-update-no-26

Zartman, I. W. (2001). The timing of peace initiatives: Hurting stalemates and ripe moments. *Global Review of Ethnopolitics, 1*(1), 8–18.

+66 807 747 9712

info@ISPMyanmar.com | www.ISPMyanmar.com